မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အရောင်အသွေးမျိုးစုံလှသော အင်ကြင်းကျောက်နှင့် လိပ်ပြာမျိုးစုံ သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကြည့်ရှုခံစားနိုင်မည့်

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ပြတိုက်များ

သတင်းမြင်ကွင်း
နှင့်
ဓာတ်ပုံမှတ်တမ်း
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင်
(မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၂၉

ဆောင်းနှင်းအေးအေး ပန်းမွှေးမွှေး

မြန်မာနိုင်ငံ၏ လက်ရှိရာသီဥတုသည် မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီကို ချင်းနင်းဝင်ရောက်နေပေပြီ။ ဟေမန်ဆောင်းဝင်ရောက်လာသည်နှင့် ဒွန်တွဲပါလာသည်က နှင်းဖွေးဖွေးများဖြစ်သည်။ တစ်နှစ်ပတ်လုံးနီးပါး ချမ်းအေးတတ်သည့် တောင်ပေါ်ဒေသများတွင်မူ ယခုလိုလများဆိုလျှင် နှင်းများဖွေးဖွေးကျကာ ချမ်းအေးနေတတ်သကဲ့သို့ သစ်ပင်ပန်းမန်များကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ဖူးပွင့်နေကြသည်။ ထို့ကြောင့် ယခုကာလသည် တောင်ပေါ်ဒေသ၏ ချမ်းအေးသည့်အရသာကို ခံစားရင်း ဖူးပွင့်ဝေဆာနေသော ပန်းမန်များ၏ အနံ့၊ လှပမှု၊ ဆန်းသစ်မှုတို့ကို ခံစားခွင့်ရနိုင်မည့်ကာလဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပန်းများဖြင့် အလှဆင်ထားသည်ကို ဤသို့လှပစွာတွေ့ရသည်မှာ....။ ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

ပေါင်းတည်မြို့နယ်က တောင်သူအကျိုးပြု ဝဲကြီးရေလှောင်တမံ

နေပြည်တော် နိုဝင်ဘာ ၂၉

ပဲခူးတိုင်း ပေါင်းတည်မြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ စပါးစိုက်ပျိုးရေးအတွက် အဓိကအားထားရသော ရေလှောင်တမံကြီးမှာ ဝဲကြီးရေလှောင်တမံပင်ဖြစ်၏။ ဝဲကြီးရေလှောင်တမံမှရေဖြင့် ကျေးရွာအုပ်စုအများအပြား နှစ်စဉ် နွေစပါးစိုက်ပျိုးလျက်ရှိသည်။ ဤဝဲကြီးရေလှောင်တမံ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ပေါင်းတည်မြို့နယ်၏ စပါးစိုက်ဧကများ တိုးပွားလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ *

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ဂြိုဟ်တုရုပ်/သံဖမ်းစက်နှင့် စလောင်းများ ရေးမြို့၌ ပေးအပ်

ရေး နိုဝင်ဘာ ၂၉

မွန်ပြည်နယ် ရေးမြို့နယ်၌ လမိုင်းနှင့် ခေါဇာမြို့အတွင်းရှိ ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသည့် DTH စနစ်သုံး ဂြိုဟ်တုရုပ်/သံဖမ်းစက်နှင့် စလောင်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက်၉နာရီက ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ❐

30-11 (01).pmd 1 11/30/2009, 12:56 PM

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၃၀ ရက်)

နိုင်ငံတော်တည်ဆောက်ရေးလမ်းစဉ် အတိတ်၊ပစ္စုပ္ပန်၊အနာဂတ် စဉ်ဆက်မပြတ်ဆောင်ရွက် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး နိုင်ငံတော်နှင့်အတူ လက်တွဲညီညီကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုများ တိုးတက်ခိုင်မာလာသည်နှင့်အမျှ နိုင်ငံတော်၏နယ်မြေအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး(၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံသားတိုင်း၏ အခြေခံလိုအပ်ချက်သည် စား၊ ဝတ်၊ နေရေး ပြည့်စုံရန်ဖြစ်ပြီး တိုင်းရင်းသားပြည်သူများ ဝလင်အောင်စားသုံးနိုင်ရန် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်က အလေးထားကြိုးပမ်းခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် သီးနှံစိုက်ပျိုးမှုများ တိုးတက်လာခဲ့ရာ ၁၉၈၈ခုနှစ်၌ အသားတင်စိုက်ပျိုးမြေဧက ၁၉ဒသမ၉သန်း ရှိခဲ့ရာ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၂၉ ဒသမ ၃၂သန်းအထိ မြင့်တက်လာခဲ့သည်။ ရေလှောင်တမံစီမံကိန်းပေါင်း ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ခု၊ မြေအောက်ရေရရှိရေး ရေတွင်းပေါင်း ၇၉၆၂တွင်းသာမက ဆည်ငယ်ကန်ငယ်များ ပြုပြင်တည်ဆောက်ပေးခဲ့ပြီး စုစုပေါင်းစိုက်ဧကသည် ၁၉၈၈ခုနှစ်တွင် ၂၃ဒသမ၈သန်းရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၅၆ဒသမ၉သန်းအထိ တိုးပွားလာခဲ့သည်။

တိုင်းရင်းသားပြည်သူတို့၏ဝတ်ရေးအတွက် ယခင်က တစ်ဧကအမြင့်ဆုံး ပိဿာ ၄၀၀-၅၀၀ခန့်သာထွက်ရှိသည့် ဝါစိုက်ခင်းများကို တစ်ဧက ပိဿာ ၁၆၀၀ကျော်ထွက်ရှိသည့် ငွေချည်(၆)ဝါမျိုးသစ်နှင့် ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့၍ ဝတ်ရေးအတွက် အလားအလာကောင်းလျက်ရှိသည်။

ပြည်သူများအတွက် အိမ်ရာဆောက်လုပ်ရာတွင် အသုံးဝင်သည့် ကျွန်းနှင့် အခြားသစ်မာစိုက်ခင်းဧကပေါင်း ၈၂၆၀၀၀ကျော်ကို နိုင်ငံတော်က စိုက်ပျိုးထူထောင်ထားပြီး ပုဂ္ဂလိကပိုင်ကျွန်းနှင့် သစ်မာစိုက်ခင်း ၂၇၀၀၀၀ကျော်ကို ခွင့်ပြုစိုက်ပျိုးထားပြီးဖြစ်သည်။ အိုးပိုင်အိမ်ပိုင်မရှိသေးသော သူများ၊ ရရာနေရာတွင် ကျူးကျော်ပုံကျနေထိုင်သူများအတွက် အခြေတကျနေထိုင်နိုင်ရန် မြို့သစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို အလေးထားဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် နိုင်ငံတော်က စက်မှုဇုန် ၁၈ဇုန် ထူထောင်ပေးခဲ့သည်။ ၁၉၈၈ခုနှစ်၌ နိုင်ငံတော်ပိုင်စက်ရုံ ၆၂၄ရုံနှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ ၃၅၀၀၀ ရှိခဲ့ရာမှ ယခုအခါ နိုင်ငံတော်ပိုင်စက်ရုံ ၇၆၈ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံ အလုပ်ရုံ ၁၁၈၀၀၀ကျော်အထိ ရှိလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရန် ချမှတ်ကျင့်သုံးလျက်ရှိသော နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်းများသည် နိုင်ငံ၏ပကတိအခြေအနေနှင့်ကိုက်ညီသည့် လက်တွေ့ကျသည့် နည်းလမ်းများဖြစ်ပေရာ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက လက်တွဲညီညီ ကြိုးပမ်း သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
- ၅:၀၅ MRTV-4 သတင်း
- ၆:၀၀ **အနှစ်(၇)မျိုး တရားတော်** ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၂)
- ၈:၃၀ Premier League Highlight (Match 14)
- ၈:၅၅ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၉:၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၁၀ Activities in the City (ကြာငါးခိုင်သင်္ကန်းတိုက်၏ ဗုဒ္ဓဂယာ ကံထူးရှင်ရွေးချယ်ပွဲ)
- ၁၀:၂၅ International Show Biz
- ၁၀:၄၅ တွဲလက်များရဲ့အောင်ပွဲ (ပုံပိုးငွေပေးအပ်ပွဲ ဓနုဖြူမြို့နယ်)
- ၁၁:၀၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကဏန်းမဆလာဟင်းနှင့် ဆန်သာဂူ မုန့်ချို)
- ၁၁:၃၀ သန့်ရှင်းစင်ကြယ်ခြင်းတို့ ဖြစ်တည်ရာ Shine မှာ...
- ၁၁:၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ခွက်အလှဆင်နည်း)
- ၁၂:၀၀ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့... (အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း) (ဆင်လူးအိုင်ကျေးရွာ)
- ၁၂:၁၅ စာအုပ်ပြခန်း (သိပ္ပံမှူးတင်နှင့်တွေ့ဆုံခြင်း)
- ၁၂:၄၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၁:၀၀ **အနှစ်(၇)မျိုး တရားတော်** ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ **မက်မဆုံးတဲ့ပြက်လုံးများ** မန်းဝင်း၊ ငြိမ်းချမ်း၊ ငမော့တော့
- ၃:၁၅ တွဲလက်များရဲ့အောင်ပွဲ (ပုံပိုးငွေပေးအပ်ပွဲ ဓနုဖြူမြို့နယ်)
- ၃:၃၅ သမိုင်းတွင် ထင်ရှား တောက်ပသူတချို့၏ စတင်ရာ
- ၄:၁၀ ကြည်နူးဖူးမဝသည်... ထူးလှသည့်ဓာတ်တော်တိုက်ဆီ
- ၄:၃၀ သန့်ရှင်းစင်ကြယ်ခြင်းတို့ ဖြစ်တည်ရာ Shine မှာ...
- ၄:၄၅ Golf ချစ်သူများအတွက်သတင်းကောင်း (IBTC Open Golf Championship)
- ၅:၀၅ ဆောင်းအလှပန်းချီတေးကိုသီ
- ၅:၁၅ Activities in the City (ကြာငါးခိုင်သင်္ကန်းတိုက်၏ ဗုဒ္ဓဂယာ ကံထူးရှင်ရွေးချယ်ပွဲ)
- ၅:၃၀ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ခွက်အလှဆင်နည်း)
- ၇:၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ အိတ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါ ဒေါက်တာစစ်နိုင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၇:၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကဏန်းမဆလာဟင်းနှင့် ဆန်သာဂူ မုန့်ချို)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **မက်မဆုံးတဲ့ပြက်လုံးများ** မန်းဝင်း၊ ငြိမ်းချမ်း၊ ငမော့တော့
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၂)
- ၁၀:၀၀ Golf ချစ်သူများအတွက်သတင်းကောင်း (IBTC Open Golf Championship)
- ၁၀:၂၀ Box Office Movies (The Curious Case of Benjamin Button)
- ၁၀:၅၀ MRTV-4 ကျန်းမာရေးကဏ္ဍ အိတ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါ ဒေါက်တာစစ်နိုင်နှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၁:၁၅ စာအုပ်ပြခန်း (သိပ္ပံမှူးတင်နှင့်တွေ့ဆုံခြင်း)
- ၁၁:၄၀ RH(Negative) သွေးလိုအပ်ခြင်း အကြောင်း သိကောင်းစရာ
- ၁၂:၀၀ **ကျန်းမာသန့်ထွားဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ငွမ်းပုံ
- ၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ မြန်မာစာ မြန်မာစကား
- ၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၇။ စိုက်ပျိုးသုတ
- ၅:၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ သွက်လက်လှုပ်ရှားကစားစို့လား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲက ပန်းတစ်ပွင့်** (အပိုင်း-၂၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု စက်မှုစွမ်းအား ပြည်ထွန်းကား
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၂၀)

အခြေခံပန်းအလှပြုပြင်မှုသင်တန်း ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း (၄/၂၀၀၉)ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၈ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

ကျင်းပမည်

သင်တန်းကြေးအဖြစ် ကျပ်တစ်သောင်းသတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံးဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ် တက်ရောက်နိုင်ပြီး ဒီဇင်ဘာ၁၅ရက်တွင် အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပမည်ဟု သိရသည်။ (၁၇၃)

နေပြည်တော်မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၁-၁၂-၂၀၀၉)

- ၇:၀၀ အဖွင့်တီးလုံး+ နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် **(မေတ္တသုတ် + ခန္ဓသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ ပြောပါရစေရှင် (ဘဝသင်ခန်းစာများ)
- ၈:၄၀ တေးပဒေသာ
- ၉:၀၀ အစီအစဉ်ပြီး၏။
- ၁၀:၀၀ မွေးနေ့လက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကြက်သားကာလသားချက်နဲ့ ခွေးတောက်ရွက်ဟင်းချို)
- ၁၀:၅၅ တေးသီချင်း
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ Talk on Line (ဝိုင်းစုခိုင်သိန်း)
- ၁၁:၅၀ တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် တူယှဉ်သီကြွေးစုံတွဲတေး
- ၁၂:၄၀ ပြုံးပဒေသာ (လည်လွန်းလို့ + ရင်သိမ့်တုန်)
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ ပညာရေးအစီအစဉ်(အလယ်တန်းရသ) တေးပဒေသာ
- ၁၃:၃၀ <u>အစီအစဉ်ပြီး၏။</u>
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး /ထိပေါက်စဉ်
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ (လှပတဲ့ဆံနွယ်လေးတွေဖြစ်စေဖို့)
- ၁၇:၁၀ တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ကမ္ဘာ့ AIDS နေ့ ဉာဏ်စမ်းပဟေဠိအစီအစဉ်
- ၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ (အမှတ်စဉ်-၁၆)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
  - ၁။ အိုလီဗာတွစ်ခ်-ဦးသိန်းလွင်
  - ၂။ မနုဟာသခင်ကြီး၏လျှို့ဝှက်မှတ်တမ်း-ဘုန်းပြည့်တေဇာ

  တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ကိုကိုချစ်ဝဲလယ်)
- ၁၉:၃၀ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ တေးစီးရီး (ရင်ခုန်သံမှတ်တမ်းများ) စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁:၂၀ လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဇမိုင် နဂါးရုံဘုရားလမ်း အမှတ်(၃)နေ ဇနီး ဒေါ်မြမြခင်နှင့်မိသားစုက ဦးဝင်းအောင်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ရှစ်သိန်းလှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)နှင့်အုပ်ချုပ်ရေးမှူးဦးပြုံးတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေး ရေလှောင်တမံကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလင်းသက်ထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပလောက်စည်ပင် နန်းသီတာလမ်း ကွန်ကရစ်တံတားဆောက်

ပလောက် နိုဝင်ဘာ ၂၉

ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပလောက်မြို့ အမှတ်(၁)ရပ်ကွက် နန်းသီတာလမ်း ပေါင်းကူးကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသိန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ ပလောက်မြို့တာဝန်ခံ ဦးဟုန်စိုး က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

ငါးလုပ်ငန်းအဖွဲ့ချုပ်၏လုပ်ငန်းရှင်များ နှစ်ပတ်လည် အစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ် ရောင်းဝယ်သူများအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အသင်း၏ ပဋ္ဌမအကြိမ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးနေစိုးက ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူပြီး အသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၏ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအကြံပေးပုဂ္ဂိုလ် ဦးလှဝင်းက အကြံပြုချက်များကို ဆွေးနွေးကာ အသင်း၏အလှူငွေများကို ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

အတည်ပြုချက်ရယူ

ဆက်လက်၍ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ် ရောင်းဝယ်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းနှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးမြင့်ဦးက ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူသည်။

ယင်းနောက် မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း၏ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးငြိမ်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းနှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးဝင်းကြိုင်က ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

“အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကို ရှောင်ကြဉ်လို့၊ အားလုံးပူးပေါင်းဆောင်ရွက်စို့။”

"Stop AIDS. Keep the Promise."

"Avoid Stigma & Discrimination; Access to Services for Everyone."

မိခင်နှင့် ကလေးသေဆုံးမှု လျော့နည်းကျဆင်းရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသော မိခင်နှင့်ကလေးသေဆုံးမှု လျော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး တိုင်းကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာထွန်းတို့က ရန်ကုန်တိုင်းအတွင်း မိခင်နှင့် ကလေးစောင့်ရှောက်ပေးနိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို ဆွေးနွေးတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ World Vision (Myanmar)၊ Marie Stope International(Myanmar)နှင့် UNFPA တို့မှ ကျန်းမာရေးပညာပေး အထောက်အကူပြု Vinyl ကားချပ်များကို ပေးအပ်လှူဒါန်းကြရာ တိုင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် ဆေးရုံအုပ်ကြီးများ၊ သားဖွားနှင့် မီးယပ်ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်၊ မွေးမိခင်နှင့် တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်းများ အခြေအနေ၊ ရန်ကုန်တိုင်းအတွင်း မိခင်နှင့်ကလေးသေဆုံးမှု ကျဆင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြပြီး တိုင်းကျန်းမာရေး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နွားထိုးကြီးမြို့နယ်၌ စက်ရေတွင်းတူးဖော်

နွားထိုးကြီး နိုဝင်ဘာ ၂၉

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြတောင်ကျေးရွာ စက်ရေတွင်းတူးဖော်မှုကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် အမှုဆောင်အရာရှိ ဦးကံချွန်တို့ စက်ရေတွင်းတူးဖော်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၀၉ခုနှစ် (၄၈) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(က) အုပ်စု ရပခဇုန် (တောင်ကြီး)၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ခ) အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် အသင်းက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က) အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့သည် ဂိုးမရှိသရေဖြင့် လည်းကောင်း၊ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ် အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ) အသင်းနှင့် အမှတ် (၄၄)ခြေမြန်တပ်မဌာနချုပ် အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီသရေဖြင့် လည်းကောင်း၊(ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ် (၈၈)ခြေမြန်တပ်မဌာနချုပ် အသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းတို့သည် ဂိုးမရှိသရေဖြင့် လည်းကောင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

“ဝဲကြီး ရေလှောင်တမံဟာ ပေါင်းတည်က တောင်သူတွေအားထားရတဲ့ရေလှောင်တမံကြီး ဖြစ်ပါတယ်”

ဦးကိုကိုလွင် (ဥက္ကဋ္ဌ)
ပေါင်းတည်မြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ

✻ ရွှေဖုံးမှ

“ကျွန်တော်တို့ပေါင်းတည်မြို့နယ်မှာ ဝဲကြီးရေလှောင်တမံမှ စိုက်ပျိုးရေကိုအခြေခံပြီး ဒီနှစ်မှာ နွေစပါး ၃၈၇၀၉ဧက စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒီရေလှောင်တမံကြီးဟာ ပဲခူးတိုင်း(အနောက်ပိုင်း)မှာတော့ နွေစပါးစိုက်ပျိုးရေ အများဆုံးဖြန့်ဝေပေးနိုင်တဲ့ ရေလှောင်တမံကြီးဖြစ်ပါတယ်”ဟု ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဝဲကြီးရေလှောင်တမံ လက်ယာတူးမြောင်းမှ နွေစပါးစိုက်ပျိုးရေ ဖြန့်ဖြူးပေးမည့် ကျေးရွာအုပ်စု ၂၀ကျော်ရှိသည်။ ထို ကျေးရွာအုပ်စုများမှာ ခေမံ၊ မှတ်တိုင်၊ မြောက်ကုန်းကြီး၊ ဘုရားငါးဆူ၊ ရွာသစ်ကြီး ၊ကန်ငယ်၊ တောင်ဘိုလု၊ ဗျက်ကြီး၊ ကျုံတောကန်၊ ပေါက်အိုင်ကြီး စသော ကျေးရွာအုပ်စုများ ဖြစ်သည်။

လက်ဝဲတူးမြောင်းမှ နွေစပါးဖြန့်ဝေပေးရန် လျာထားသည့် ကျေးရွာအုပ်စုများမှာ နွားခြံကုန်း၊ မကျီးကုန်း၊ ရွာပုလဲ၊ သပြေကြီးထု၊ ကြို့ပင်သာနှင့် ဘိုးသာအောင်ကုန်း စသောကျေးရွာအုပ်စုများ ဖြစ်သည်။

တွေ့ဆုံမေးမြန်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဝဲကြီးရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် စိုက်ပျိုး

“ဝဲကြီး ရေလှောင်တမံမှ စိုက်ပျိုးရေနဲ့ နွေစပါးစိုက်မှာ ဖြစ်ပါတယ်။”

ဦးသန်းဝင်း-တောင်သူ
မြောက်ကုန်းကြီးကျေးရွာ

ကြမည့် တောင်သူဦးကြီးအချို့နှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့ပါသည်။

နွေစပါးစိုက်ဖို့ပြင်

“ကျွန်တော်က မြောက်ကုန်းကြီး ကျေးရွာမှ တောင်သူ ဦးအုန်းမောင်ဖြစ်ပါတယ်။ ကျွန်တော်က ဝဲကြီးရေနဲ့ မိုးစပါး အပြီးမှာ မတ်ပဲကို စိုက်ပါတယ်။ ဒီနောက်မှာတော့ နွေစပါးခြောက်ဧကစိုက်ဖို့ ပြင်ထားပါတယ်။ တစ်နှစ်မှာ သုံးသီးစိုက်တော့ နှစ်သီးအသားတင်မြတ်တာပေါ့၊ တစ်သီးက အရင်းအနှီးပေါ့”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ဝဲကြီး ရေလှောင်တမံရေနဲ့ နွေစပါး စိုက်ပါတယ်”

ဦးအုန်းမောင်-တောင်သူ
မြောက်ကုန်းကြီးကျေးရွာ

ထို့အတူ မြောက်ကုန်းကြီး ကျေးရွာမှ တောင်သူ ဦးသန်းဝင်းကလည်း ဤသို့ဆိုသည်။ “ကျွန်တော်တို့ မြောက်ကုန်းကြီးကျေးရွာမှာ ဝဲကြီးရေလှောင်တမံရဲ့ ကျေးဇူးကြောင့် နှစ်စဉ် မိုးစပါး၊ နွေစပါးနဲ့ မတ်ပဲ စိုက်ပျိုးနိုင်ကြပါတယ်။ ဝဲကြီးရေသောက် စိုက်ဧက လေးဧက ပိုင်ဆိုင်ပါတယ်။ ဒီရွာမှာ လက်တွန်းထွန်စက်ပိုင်သူ ၃၀ကျော်ရှိပါတယ်။ တမန်းလှေ့စက်နဲ့ ခြွေလှေ့စက်တွေပိုင်သူလည်း အတော်များပါတယ်” ဟု ဦးသန်းဝင်းက ရှင်းပြသည်။

တည်နေရာ

ဝဲကြီးရေလှောင်တမံသည် ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် ဖောင်အိုင်ရွာအထက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဝဲကြီးချောင်းပေါ်၌ တည်ဆောက်ထားပြီး ရေဆင်း ဧရိယာ ၂၀၂စတုရန်းမိုင် ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၁၁၅ပေရှိပြီး တမံအလျားပေ ၄၁၇၀ ရှိကြောင်း သိရသည်။

ဝဲကြီးရေလှောင်တမံ၏ စိုက်ပျိုးရေဖြန့်ဝေပေးနိုင်မည့် ပမာဏမှာ ၄၁၀၆၉ ဧကဖြစ်သည်။ ယင်းရေလှောင် တမံကြီးကို ၁၉၉၈-၁၉၉၉ခုနှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ၂၀၀၀-၂၀၀၁ခုနှစ်၌ ပြီးစီးခဲ့ကြောင်း သိရသည်။

လေ့လာတင်ပြ

ဤသို့ ဝဲကြီးရေလှောင်တမံကြီးကို နိုင်ငံတော်ကတည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ပဲခူးတိုင်း ပေါင်းတည်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများသည် ဝင်ငွေ စီးပွားတိုးပွားကာ လူမှုဘဝ အဆင့်အတန်း တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိပါကြောင်း သတင်းခရီး၊ သတင်းမြင်ကွင်းအဖြစ် လေ့လာတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

တံတားဦး အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၉

တံတားဦး အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ၁၉၅၃-၂၀၀၉ခုနှစ်အတွင်း တံတားဦး အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ရှိထင်ရှား သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် တံတားဦး အထက ရတနာထွန်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဘဏ္ဍာငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်တင် ဖုန်း-၀၆၆-၄၄၀၅၈၊ ၄၄၂၃၆၊ ၀၉-၉၀-၅၀၈၉၆၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲလင်းသူ (ရွှေသစ် ရွှေဆိုင်) ဖုန်း-၀၆၆-၄၄၀၆၇၊ ၀၉-၆၈-၀၈၈၃၆၊ ၀၉-၂၀- ၂၄၉၉၄နှင့် အတွင်းရေးမှူး ဦးစိုးမိုးအောင် (စံပယ်ဖြူစတိုး) ဖုန်း-၀၆၆-၄၄၁၂၁၊ ၄၄၁၂၂၊ ၄၄၁၂၅၊ ၀၉-၂၀-၂၁၂၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အီရန်ဓာတ်ငွေ့သန့်စင်စက်ရုံသုံးရုံအတွက် ဒေါ်လာသန်း ၇၅၀ ရင်းနှီးမြှုပ်နှံမည်ဟုဆို

တီဟီရန် နိုဝင်ဘာ ၂၉

အီရန်နိုင်ငံက သဘာဝဓာတ်ငွေ့ပိုမိုထုတ်လုပ်ရန် ဓာတ်ငွေ့စက်ရုံသုံးရုံအတွက် အမေရိကန်ဒေါ်လာ သန်း၇၅၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆင့်မြှင့်တင်

အီရန် ဓာတ်ငွေ့သန့်စင်စက်ရုံနှင့် ရှဟတ်ဒ်ဟတ်စ်မီနီဂျတ် ဓာတ်ငွေ့သန့်စင်စက်ရုံနှစ်ရုံ ပိုမိုကောင်းမွန်စေရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၅၀ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းစက်ရုံနှစ်ရုံ အဆင့်မြှင့်တင်မှုများ ပြီးစီးသွားပါက တစ်နေ့လျှင် ဓာတ်ငွေ့ ကုဗမီတာ၁၁ဒသမ ၂သန်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အီရန်ဓာတ်ငွေ့နှင့် ဖွံ့ဖြိုးမှုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာအလီရာဇာဂါရာဘီက ပြောကြားသည်။

အသုံးပြု

အသစ်တည်ဆောက်မည့် ပါရှန်ဓာတ်ငွေ့ သန့်စင်စက်ရုံအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ အသုံးပြုမည်ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

ကျည်ဆန်ရထား

ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်း ကမ်းရိုးတန်းဒေသအကြား ကျည်ဆန်ရထားပြေးဆွဲနေသည်ကို နိုဝင်ဘာ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကျန်းကျင်းပြည်နယ် ဟန်ကျိုးမြို့၌ကျင်းပသည့် ပန်းချီပြပွဲတွင် ပြသထားသည့် ဧရာမပန်းချီကားချပ်ကို နိုဝင်ဘာ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းပြည်သူတို့နှင့် သမ္မတချာဗက်ဇ် တစ်သားတည်းရှိဟုဆို

ကာရာကာ့စ် နိုဝင်ဘာ ၂၉

အစ္စရေးနိုင်ငံက ပါလက်စတိုင်းတို့ကို မျိုးပြုတ်အောင် ရည်ရွယ်နေကြောင်း၊ ပါလက်စတိုင်းတို့ကို တိုက်ခိုက်သတ်ဖြတ်ချေမှုန်းနေသည့် အစ္စရေးနိုင်ငံအား ဆန့်ကျင်သည့် ပါလက်စတိုင်းတို့၏တိုက်ပွဲကို မိမိတို့ ထောက်ခံကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ကာရာကာ့စ်မြို့၌ နိုဝင်ဘာ ၂၈ ရက်ညက ပြောကြားလိုက်သည်။

ပါလက်စတိုင်းယာယီသမ္မတ မာမွတ်အဘတ်စ်နှင့် ကာရာကာ့စ်မြို့၌ တွေ့ဆုံစဉ် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း အားပေးတိုက်တွန်းလိုက်ခြင်းဖြစ်ပြီး ပါလက်စတိုင်းပြည်သူများနှင့် မိမိတို့ တစ်သားတည်းရှိသည်ဟုလည်း ထည့်သွင်းပြောကြားသည်။

(အင်တာနက်)

ကွန်ဂိုနိုင်ငံ၌ ကုလရဟတ်ယာဉ်တိုက်ခိုက်ခံရမှု ကုလအတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

ဂျီနီဗာ နိုဝင်ဘာ ၂၉

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ(ဒီအာရ်စီ)အနောက်ပိုင်း၌ နိုဝင်ဘာ ၂၆ရက်က ကုလသမဂ္ဂရဟတ်ယာဉ် တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြစ်တင်ရှုတ်ချလိုက်သည်။

ယင်းတိုက်ခိုက်မှုကြောင့်ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ဝင်သုံးဦး၊ လေယာဉ်မှူးနှင့် ကွန်ဂိုရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိသွားသည်။

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်စီ) အစိုးရအနေဖြင့် ရဟတ်ယာဉ်ကို တိုက်ခိုက်သူများအား ထိရောက်စွာ အရေးယူရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ နိုဝင်ဘာ၂၇ရက်က ပေါက်ကွဲမီးလောင်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်နှင့်ဗင်နီဇွဲလား စာချုပ်သစ်များ ချုပ်ဆို

ကရာကတ်စ် နိုဝင်ဘာ ၂၉

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် သူ၏လက်တင်အမေရိက သုံးနိုင်ငံအပြီးသတ်ခရီးစဉ်တွင် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံသဘောတူစာချုပ်သစ်များစွာကို နိုဝင်ဘာ ၂၅ရက်က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

အီရန်သမ္မတသည် သူ၏ခရီးစဉ်အတွင်း အီရန်နိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်ပိုင်ခွင့်ကို ဘရာဇီးနှင့် ဘိုလီးဗီးယားနိုင်ငံတို့၏ ထောက်ခံချက်ရရှိခဲ့သည်ဟု သိရသည်။ ***(အင်တာနက်)***

အိုင်အေအီးအေဆုံးဖြတ်ချက် အီရန်အစိုးရအလေးထားရန် ရုရှားတိုက်တွန်း

မော်စကို နိုဝင်ဘာ ၂၉

အီရန်နိုင်ငံ၏ ဖော်ဒိုယူရေနီယံသန့်စင်ရေးစက်ရုံ တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်သည့် အိုင်အေအီးအေ၏ ဆုံးဖြတ်ချက်ကို အီရန်နိုင်ငံအနေဖြင့် အလေးအနက်ထားရန် ရုရှားနိုင်ငံက တိုက်တွန်းလိုက်သည်။

ထုတ်ပြန်ကြေညာ

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးရာတွင် အမြန်ဖြေရှင်းနိုင်ရေးအတွက် အီရန်အစိုးရက အိုင်အေအီးအေ၏ဆုံးဖြတ်ချက်ကို အလေးအနက်ထားပြီး အိုင်အေအီးအေနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဟု မိမိတို့မျှော်လင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆုံးဖြတ်ချက်သစ်

ကွတ်မြို့ပြင်ရှိ အီရန်၏ ယူရေနီယံသန့်စင်ရေးစက်ရုံနှင့်စပ်လျဉ်း၍ အိုင်အေအီးအေက ဆုံးဖြတ်ချက်သစ်ချမှတ်အပြီး နာရီအနည်းငယ်အကြာတွင် အထက်ပါသတင်းများ ထွက်ပေါ်လာသည်ဟုဆိုသည်။ **(အင်တာနက်)**

လေကြောင်းကာကွယ်ရေး ရုရှားထပ်မံဖြန့်ကြက်မည်

မော်စကို နိုဝင်ဘာ ၂၉

ရုရှားနိုင်ငံသည် အထူးခေတ်မီဆန်းသစ်သော အက်စ် ၄၀၀ ထရမ့်ဖ်အမျိုးအစား မြေပြင်မှ ဝေဟင်ပစ်ဒုံးပျံစနစ်တပ်ဆင်ထားသည့် လေကြောင်းကာကွယ်ရေး တပ်ရင်းငါးရင်းကို နောက်ထပ် ဖြန့်ကြက်သွားရန် ရည်ရွယ်ကြောင်း နိုဝင်ဘာ ၂၇ရက်တွင် ရုရှားနိုင်ငံက ပြောကြားသည်။

ချထားပြီး

ရုရှားနိုင်ငံသည် ယင်း၏အရှေ့ဖျားနယ်စပ်အနီးတွင် အက်စ် ၄၀၀ ဒုံးပျံတပ်ရင်းတစ်ရင်းကို ဖြန့်ကြက်ချထားပြီးဖြစ်သည်။ **(အင်တာနက်)**

မက္ကဆီကို အကြမ်းဖက်မှု အနည်းဆုံး ၁၃ ဦးသေဆုံး

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၉

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း၌ အကြမ်းဖက်သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်က ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦး အပါအဝင် အနည်းဆုံး ၁၃ ဦး အသတ်ခံရကြောင်း သိရသည်။

ပြောကြား

မူးယစ်မှောင်ခိုဂိုဏ်းချင်း အကြမ်းဖက်သတ်ဖြတ်ရာ၌ ရှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ နိုဝင်ဘာ ၂၇ရက်က သေဆုံးမှုတွင် ပါဝင်ကြောင်း မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာဟွာပြည်နယ်မှ တရားရေးဌာန အရာရှိများက ပြောကြားသည်။

ဖြန့်ကြက်

အစိုးရကတပ်ဖွဲ့ဝင် ၈၅၀၀ ဖြန့်ကြက်သည့်ကြားမှပင် မူးယစ်မှောင်ခိုဂိုဏ်းများက ပိုမိုအကြမ်းဖက် သတ်ဖြတ်နေကြခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲမှုဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကဘူးလ်မြို့ သံရုံးများတည်ရာအရပ်၌ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရ

ကဘူးလ် နိုဝင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ နိုင်ငံခြားသံရုံးအများအပြားနှင့် နိုင်ငံခြားကုမ္ပဏီများတည်ရှိရာနေရာတွင် နိုဝင်ဘာ၂၈ရက် နံနက် ၁၀ နာရီကျော်က ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြသ

ဗုံးခွဲအပြီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အခင်းဖြစ်ဒေသသို့အသွား အချက်ပေးဥသြဆွဲသံများ ဆူညံသွားသည်ဟုဆိုသည်။ ရုပ်မြင်သံကြား အစီအစဉ်တစ်ခုကမူ လူစည်ကားသည့် လမ်းမကြီးတစ်ခုအတွင်း၌ အပျက်အစီး အကျိုးအပဲ့များပြည့်နေပြီး ပြိုကျနေသော ဈေးဆိုင်တစ်ဆိုင်၏ မျက်နှာစာကိုပြသလိုက်သည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဆော်ဒီအာရေဗျအနောက်ပိုင်း၌ ရေလွှမ်း

ဆော်ဒီအာရေဗျနိုင်ငံ အနောက်ပိုင်း ဂျက်ဒက်ဒေသတွင် နိုဝင်ဘာ ၂၉ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ စုစုပေါင်းသေဆုံးသူ ၁၀၃ဦး အထိရှိလာခဲ့ပြီဖြစ်ကြောင်း ဆော်ဒီအာရေဗျအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ကင်ဆာအဖုအကျိတ်ပျောက်ဆေး နယူးဇီလန်သိပ္ပံပညာရှင်များတွေ့ရှိ

နယူးဇီလန်သိပ္ပံပညာရှင်များသည် ဘေးထွက်ဆိုးကျိုးများမဖြစ်စေနိုင်သည့် ကင်ဆာအဖုအကျိတ် ပျောက်ဆေးကို တွေ့ရှိထားပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၉ရက်က ဒေသဆိုင်ရာမီဒီယာက ကြေညာသည်။

မလေးရှားအရှေ့ပိုင်းကမ်းလွန်၌ ကူးတို့နစ်မြုပ်

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာဘတ်ပြည်နယ်ကမ်းလွန်တွင် နိုဝင်ဘာ ၂၉ ရက် နံနက်က ကူးတို့တစ်စင်းနစ်မြုပ်ခဲ့ရာ ခရီးသည်ခြောက်ဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

နီပေါ၌ တီဘီရောဂါဖြစ်ပွားမှု များပြားလာ

နီပေါနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၄၅ရာခိုင်နှုန်းမှာ တီဘီရောဂါခံစားနေရကြောင်း နှစ်စဉ်တီဘီရောဂါကြောင့် လူ ၅၀၀၀မှ ၇၀၀၀အထိ သေဆုံးနေရကြောင်း နီပေါ ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်အရှေ့ပိုင်း၌ မီးရှူးမီးပန်းစက်ရုံမီးလောင်

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ဂိုကျိုမြို့၌ နိုဝင်ဘာ ၂၉ရက်က မီးရှူးမီးပန်းစက်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အီရန် နျူကလီးယားအစီအစဉ် အိုင်အေအီးအေနှင့် ပူးပေါင်းမည်

အီရန်နိုင်ငံသည် နျူကလီးယားလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း အီရန်အရာရှိများက နိုဝင်ဘာ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်တောင်ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းကမ်းလွန်၌ နိုဝင်ဘာ ၂၉ရက်က ရစ်ချ်တာစကေး ၆အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ဆန်တိုစ်မြို့တွင် နေအိမ်နှင့်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ပီရူးနိုင်ငံ လီမာမြို့၌ နှင်းများထူထပ်စွာကျဆင်း

ပီရူးနိုင်ငံ လီမာမြို့တွင် နိုဝင်ဘာ၂၉ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ မော်တော်ယာဉ်များသွားလာမှုခက်ခဲပြီး ခရီးသွားလာရေး ပြတ်တောက်ခဲ့ကြောင်း ပီရူးအရာရှိများက ပြောကြားသည်။

(အင်တာနက်)

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယား အနုပညာကြယ်ပွင့်များ

ပြည်ပအနုပညာသတင်း-မိုးမြင့်လင်းလက် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ဆိုးလ် နိုဝင်ဘာ ၂၉

တောင်ကိုရီးယား သရုပ်ဆောင်တွေဟာ အနုပညာအရည်အသွေးတွေ ပြောင်မြောက်ထူးချွန်ကြတာမို့ သူတို့ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားနဲ့ ဇာတ်လမ်းတွဲတွေဟာ ကမ္ဘာ့ပရိသတ်တွေ စွဲစွဲလမ်းလမ်းနဲ့အားပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့ နာမည်ကြီး လူကြိုက်များတဲ့ တောင်ကိုရီးယားသရုပ်ဆောင်အမျိုးသား၊ အမျိုးသမီးအချို့ရဲ့ လှုပ်ရှားမှုတွေကို ဖော်ပြလိုက်ရပါတယ်။

လီဗြောင်ဟွန်းရဲ့ မှတ်တိုင်သစ် (Lee Byung Hun)

မြန်မာပရိသတ်က ဟွန်ဂျွန်နီလို့ ခေါ်တဲ့ တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင် လီဗြောင်ဟွန်းဟာ A Beautiful Days ရုပ်ရှင်ဇာတ်လမ်းတွဲမှာ တစ်ရှိန်ထိုးနာမည်ကြီးခဲ့သူဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်လမ်းတွဲပေါင်းများစွာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်မှာ မွေးဖွားခဲ့သူမို့ အခုဆိုရင် အသက် ၄၀ခန့် ရှိပြီဖြစ်ပါတယ်။ ၁၉၉၃ခုနှစ်မှာ KBS ရဲ့ အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုစတင်ရရှိခဲ့သူဖြစ်ပါတယ်။ အခုဆိုရင် ထူးချွန်ဆုပေါင်း ၁၀ဆုရရှိထားသူဖြစ်ပြီး အာရှတိုက်ရဲ့ ထိပ်တန်းသရုပ်ဆောင်မင်းသား ၁၀ဦးထဲမှာ ပါဝင်နေဆဲ ဖြစ်ပါတယ်။

လီဗြောင်ဟွန်းဟာ အခုအချိန်မှာ အသက်အရွယ်ရရှိလာပေမယ့် KBS နဲ့ ဒရာမာရုပ်ရှင်ဇာတ်လမ်းတွဲသစ်တစ်ခုကို လာမယ့် ဒီဇင်ဘာလမှာ စတင်ရိုက်ကူးမှာဖြစ်ပြီး အမေရိကန်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုနဲ့လည်း ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးဖို့ ဆွေးနွေးနေပါတယ်။ လီဗြောင်ဟွန်းကတော့ အနုပညာနယ်ပယ်မှာ မှတ်တိုင်သစ် စိုက်ထူဖို့ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။

ဂိုဆူး (Go Soo)

တောင်ကိုရီးယားနိုင်ငံမှာ သာမက အာရှနိုင်ငံတွေမှာရှိတဲ့ ပရိသတ်တွေရဲ့ အားပေးမှုကိုရယူထားနိုင်တဲ့ တောင်ကိုရီးယားအမျိုးသားသရုပ်ဆောင် တစ်ဦးကတော့ ဂိုဆူးပဲဖြစ်ပါတယ်။ မြန်မာပရိသတ်တွေ အသည်းစွဲခဲ့ကြတဲ့ 'အမြွာနဲ့ကြမ္မာ' ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ 'ချင်ပင်း' အဖြစ် သရုပ်ဆောင်ခဲ့တဲ့သူဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံ ဆန်မြောင်းတက္ကသိုလ်က ရုပ်ရှင်အဓိကဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့တဲ့ ဂိုဆူး(ချင်ပင်း)ဟာ 'To Marry a Millionaire'၊ 'Green Rose'၊ 'When a Man is in Love' စတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်ပါတယ်။

ဂိုဆူး(ချင်ပင်း)ဟာ ၂၀၀၁ခုနှစ်မှာ 'MBC New Actor Award' ဆုကို ရရှိခဲ့သူဖြစ်ပြီး ကြိုးစားအားထုတ်မှုကြောင့် တဖြည်းဖြည်းနဲ့ အောင်မြင်မှုရရှိလာတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ အသက် ၃၂နှစ်ခန့်ရှိပြီဖြစ်တဲ့ ဂိုဆူး(ချင်ပင်း)ဟာ လာမယ့်ဒီဇင်ဘာလဆန်းမှာ ဂျပန်နိုင်ငံကို ခရီးထွက်ဖို့စီစဉ်နေပြီး ဂျပန်ရုပ်ရှင်ကုမ္ပဏီတစ်ခုနဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးဖို့ ဆွေးနွေးမှာဖြစ်ပါတယ်။

ပတ်ခ်ဆူအဲ (Park Su Ae)

မြန်မာနိုင်ငံမှာပြသခဲ့တဲ့ 'အချစ်သံသရာ' ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ 'ဂျင်ကေ' အဖြစ် သရုပ်ဆောင်ခဲ့တဲ့သူဖြစ်ပြီး ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ နှစ်ခြိုက်အားပေးမှု တစ်ခဲနက်ခံနေရတဲ့ တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။

ပတ်ခ်ဆူအဲ(ဂျင်ကေ)ဟာ သူ့ရဲ့ မျက်နှာအမူအရာနဲ့ လိုက်ဖက်တဲ့အလွမ်းဇာတ်လမ်းတွေမှာ ပိုင်နိုင်ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သူမို့ ပရိသတ်တွေရင်ထဲ ထိခိုက်ကြေကွဲမှု ဖြစ်စေနိုင်တဲ့အထိ အနုပညာစွမ်းအားကြီးမားသူ ဖြစ်ပါတယ်။ ဒါကြောင့် ပတ်ခ်ဆူအဲ(ဂျင်ကေ)ကို Queens of Tears (မျက်ရည်ဘုရင်မ) လို့ တင်စားခေါ်ဝေါ်ခြင်းခံရသူ ဖြစ်ပါတယ်။

ဖက်ရှင် မော်ဒယ်တစ်ဦးလည်းဖြစ်တဲ့ ပက်ခ်ဆူအဲ(ဂျင်ကေ)ကို တရုတ်နိုင်ငံ ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးဖို့ ကမ်းလှမ်းနေသလို တောင်ကိုရီးယားနိုင်ငံမှာလည်း KBS မှ အလွမ်းအဆွေး ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတစ်ခုကို လာမယ့် ၂၀၁၀ ခုနှစ်ဆန်းပိုင်းမှာ စတင်ရိုက်ကူးဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။

ရေကူးခြင်းနဲ့ လက်ပစ်ဘောကစားခြင်းတွေလည်း ဝါသနာပါတဲ့ ပတ်ခ်ဆူအဲ (ဂျင်ကေ)ဟာ မကြာခင်မှာ အမေရိကန်နိုင်ငံကို ရုပ်ရှင်အနုပညာနဲ့ ပတ်သက်တဲ့ ခရီးစဉ်တစ်ခုသွားရောက်ဖို့ ရှိနေပါတယ်။

ကင်မ်ဂျီဟို (Kim Ji Ho)

'ဖန်ခြေနင်းနှင့် ယမင်းရွှေစင်' ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ ထယ်နီး အဖြစ်သရုပ်ဆောင်ခဲ့တဲ့ ကင်မ်ဂျီဟိုဟာ အခုအချိန်မှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေ ပြန်လည်ရိုက်ကူးနေပြီဖြစ်ပါတယ်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်ကောလိပ်ကနေပြီး အင်္ဂလိပ်ဘာသာအဓိကနဲ့ ဘွဲ့ရရှိခဲ့တဲ့ ကင်မ်ဂျီဟိုဟာ 'Man with a Tail'၊ 'Karma' စတဲ့ ရုပ်ရှင်ဇာတ်ကားတွေနဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၁ခုနှစ်မှာ ရုပ်ရှင်သရုပ်ဆောင် ကင်မ်ဟိုဂျင်နဲ့ လက်ထပ်ပြီး သားတစ်ဦး မွေးဖွားခဲ့ပြီးတဲ့အချိန်ကစလို့ ရုပ်ရှင်အနုပညာနဲ့ ကင်းဝေးခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ 'Fashion 70's' ဇာတ်လမ်းတွဲမှာ ပြန်လည်ပါဝင်သရုပ်ဆောင်ခဲ့ပြီး အခုမှာတော့ ပရိသတ်တွေရဲ့အားပေးမှုကို လက်ခံရယူနေတဲ့ အမျိုးသမီးသရုပ်ဆောင် တစ်ဦးဖြစ်ပါတယ်။

အခုဆိုရင် တောင်ကိုရီးယားမှာ တန်းဝင်သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ် နိုဝင်ဘာလရဲ့ တောင်ကိုရီးယား ထိပ်တန်း အမျိုးသမီးသရုပ်ဆောင် ၁၀ဦးထဲမှာ ပါဝင်လျက်ရှိပါတယ်။ ကင်မ်ဂျီဟို (ထယ်နီး)ဟာ မကြာခင်မှာ ဂျပန်နိုင်ငံကို သွားရောက်ပြီး သူမရဲ့ ပရိသတ်နဲ့တွေ့ဆုံပွဲ ပြုလုပ်ဖို့ စီစဉ်ထားပါတယ်။

ဒါကြောင့်မို့ တောင်ကိုရီးယား အမျိုးသား၊ အမျိုးသမီး သရုပ်ဆောင်တွေဟာ ပရိသတ်တွေ အားပေးအောင် ကြိုးစားနေကြသူတွေဖြစ်ပြီး ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ နှစ်ခြိုက်သဘောကျနေသူတွေ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

(အင်တာနက်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ကဝမြို့နယ် မြို့တွင်းလမ်းများ ကောင်းမွန်ရေး စီမံချက်အရ လမ်းများတွင် အပေါက်များ၊ လှိုင်းများ၊ ချိုင့်ခွက်များ မရှိစေရေးအတွက် ကဝမြို့ခန်းမလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၂၄ရက်က ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးမောင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးသုံးစွဲမှုများကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၇၁)

30-11 (05).pmd 1 11/30/2009, 12:56 PM

■ ကျောဖုံးမှ

မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိရာ ယင်းအစီအစဉ်ဖြင့် ယာယီနိုင်ငံကူးလက်မှတ်ရရှိခဲ့သူ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားတစ်ဦးသည် မကြာသေးမီ ရက်ပိုင်းအတွင်းက ၄င်း၏ အလုပ်ရှင်ထံမှ ခွင့်ရရှိသဖြင့် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ခေတ္တပြန်လည်ရောက်ရှိနေကြောင်း သိရှိရသည်။

ယာယီ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ မြန်မာလုပ်သားမှာ ဦးအောင်စောမြ(ဘ) ဦးရန်အောင်ဆိုသူဖြစ်ပြီး ယခုအခါ ၄င်း၏မိသားစုရှိရာ ကမ်းနားလမ်း၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ခေတ္တတည်းခို

ယာယီမြန်မာနိုင်ငံကူးလက်မှတ် အမှတ် 000028 ကိုင်ဆောင်သူ ဦးအောင်စောမြသည် ထိုင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး မိသားစုရှိရာ ရခိုင်ပြည်နယ်သို့မပြန်မီ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ၄င်း၏မိတ်ဆွေဖြစ်သူနေအိမ်၌ ခေတ္တတည်းခိုသွားခဲ့ကြောင်း အဆိုပါအိမ်ရှင်ဖြစ်သူက ပြောသည်။

"ဦးအောင်စောမြရဲ့ ယာယီပတ်စ်ပို့က ထိုင်း-မြန်မာနယ်စပ် မြဝတီရုံးမှာလုပ်ခဲ့တာလို့ သိရပါတယ်"ဟု အဆိုပါအိမ်ရှင်က ဆက်လက်ပြောပြသည်။

နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်အရ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများကို မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

လေ့လာတွေ့ရှိ

သို့ရာတွင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအကြား သတင်းအချက်အလက် အမှန်မရရှိခြင်းကြောင့် ပတ်စ်ပို့လုပ်ရန် လာရောက်သည့်အခါ ဖမ်းဆီးခံရမည်ကို စိုးရိမ်သဖြင့် အစပိုင်းတွင် ပတ်စ်ပို့လုပ်ရန် လာရောက်သူ မြန်မာလုပ်သားအရေအတွက်မှာ အတော်ပင်နည်းပါးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဦးအောင်စောမြကဲ့သို့ ယာယီပတ်စ်ပို့ ဆောင်ရွက်ပြီးသူများက ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခြေအနေမှန်များကို ဘဝတူ မြန်မာလုပ်သားများသို့ ရှင်းလင်းပြောကြားနိုင်ခဲ့ခြင်းကြောင့်သာ ယခုနောက်ပိုင်း၌ ယာယီပတ်စ်ပို့လုပ်ရန်လာရောက်သည့် အရေအတွက် တဖြည်းဖြည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကိုယ်တွေ့ကြုံရသူ

ထိုင်းနိုင်ငံရောက် နိုင်ငံခြားသားလုပ်သားများအနက် အများစုမှာ တရားမဝင်နေထိုင်လုပ်ကိုင်လျက်ရှိရာ ထိုင်းရဲများကိုမြင်လျှင် ပုန်းရှောင်နေရသဖြင့် မိမိတို့ လုပ်ကိုင်ရာ စက်ရုံ၊ အလုပ်ရုံဝင်းအတွင်းမှပင် အပြင်သို့မထွက်ရဲကြကြောင်း ကိုယ်တွေ့ကြုံရသူ မြန်မာလုပ်သားအချို့၏ ပြောပြချက်အရ သိရှိရသည်။

ယာယီ မြန်မာနိုင်ငံကူး လက်မှတ်ရရှိထားသူ အလုပ်သမားတစ်ဦးသည် ထိုင်းနိုင်ငံအတွင်း မည်သည့်နေရာမဆို သွားရောက် အလုပ်လုပ်ခွင့်ရှိပြီး နေထိုင်ခွင့် ဗီဇာသက်တမ်း နှစ်နှစ်နှင့်အတူ ထိုင်းအလုပ်သမားဥပဒေပါ ခံစားခွင့်များကို ဌာနေထိုင်းနိုင်ငံသားများနည်းတူ ရရှိမည်ဖြစ်ရာ ယခင်က ရဲမြင်လျှင်ပုန်းရှောင်နေရသည့်ဘဝမှ ယခုအခါ ရဲထံမှ လိုအပ်သည့်အကူအညီများ တောင်းခံရဲသည်အထိ အခြေအနေများက ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများမှာ ထိုင်းလေဘာကတ် သို့မဟုတ် လျှောက်ထားဆဲဖြစ်ကြောင်း အထောက်အထား (မူရင်းနှင့် မိတ္တူလေးစုံ)၊ မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် အိမ်ထောင်စုစာရင်း (မူရင်းနှင့် မိတ္တူ လေးစုံ) ဖြစ်ပြီး အခက်အခဲအမျိုးမျိုးကြောင့် ဖော်ပြပါ အထောက်အထားများပြည့်စုံစွာ မပါရှိစေကာမူ

ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများအတွက် မြဝတီယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ ထုတ်ပေးသော ယာယီနိုင်ငံကူးလက်မှတ်နှင့် အလုပ်သမားကတ်

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး၌ မြန်မာနိုင်ငံသား မှန်ကန်ကြောင်း၊ အတည်ပြုနိုင်ပြီး ထိုင်းလေဘာကတ် သို့မဟုတ် လျှောက်ထားဆဲ အထောက်အထားရှိပါက ယာယီမြန်မာနိုင်ငံကူးလက်မှတ်ကို နှောင့်နှေးခြင်းမရှိစေဘဲ ထုတ်ပေးရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်ကမ်းစာစောင်၌ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

ဖော်ပြထား

မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်အရ အခြေခံအလုပ်သမားအခွင့်အရေးများရရှိရန် လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်းနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ခြင်းတို့ကို ကာကွယ်ရန် ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသူ မြန်မာအလုပ်သမားများအား ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို ၂၀၀၉ခုနှစ် ဇူလိုင် ၁၅ရက်တွင် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတို့၌ စတင်ဆောင်ရွက်ခဲ့ရာ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀သာ ကုန်ကျကြောင်းသိရသည်။ ယာယီ နိုင်ငံကူးလက်မှတ် သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး နောက်ထပ် နှစ်နှစ်သက်တမ်း တိုးနိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်ကမ်းစာစောင်၌ ဖော်ပြထားသည်။

ထို့အပြင် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ခွင့် ဗီဇာကြေးမှာလည်း ယခင်ဘတ် ၂၀၀၀မှ ယခုဘတ် ၅၀၀သာပေးသွင်းရတော့ကြောင်း မြဝတီမြို့ရှိ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးသို့ ပတ်စ်ပို့လာလုပ်သူ မြန်မာလုပ်သားများ၏ ပြောပြချက်အရ သိရှိရသည်။

ယခင်က ထိုင်းနိုင်ငံ အလုပ်သမားတစ်ဦး၏ အနိမ့်ဆုံး လုပ်ခလစာပင်မရဘဲ ရဲမြင်လျှင် ကြောက်လန့်ပြီး ထွက်ပြေးပုန်းရှောင်နေရသည့် ဘဝမှ ယာယီပတ်စ်ပို့ရရှိပြီး နောက်ပိုင်း ထိုင်းနိုင်ငံအတွင်း မည်သည့်နေရာမဆို လွတ်လပ်စွာ သွားရောက်လုပ်ကိုင်နိုင်သည့်အပြင် ထိုင်းအလုပ်သမားတစ်ဦးရရှိသည့် အနိမ့်ဆုံး လုပ်ခလစာအတိုင်းရရှိပြီး ခွင့်ရရှိသည့်အခါ လေယာဉ်ပျံကြီးကို စတိုင်ကျကျစီး၍ အမိနိုင်ငံသို့ ရင်ကော့ခေါင်းမော့ ပြန်လာနိုင်ပြီဖြစ်သည်ကို ရခိုင်တိုင်းရင်းသားကြီး ဦးအောင်စောမြ၏ ဖြစ်ရပ်က သက်သေခံလျက်ရှိနေပေပြီ။ ။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

(၁၉၄၇-၁၉၆၅) ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော စိန့်မေရီဒိုင်အိုစီစင် အမျိုးသမီးအထက်တန်းကျောင်းသူဟောင်းများ၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ဗိုလ်ချုပ်လမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holitrinity ဘုရားရှိခိုးကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်ဘာဘရာ ဖုန်း-၇၁၀၂၁၀၊ ဒေါ်ရိုစီတင်တင်လွမ်း ဖုန်း-၃၈၂၀၁၁၊ ဒေါ်ခင်ဖြူဝင်း ဖုန်း-၆၆၆၈၇၁၊ ဒေါ်ဟယ်လင်အောင် ဖုန်း-၆၆၄၅၆၆၊ ဒေါ်အဲလစ်အောင် ဖုန်း-၃၈၃၈၉၁၊ ဒေါ်နွယ်နွယ်စိုး ဖုန်း-၂၉၂၇၁၈၊ ဒေါ်လော်နာဘီး ဖုန်း-၆၄၁၄၆၆နှင့် ဒေါ်နန်းအိအိဇာ ဖုန်း-၃၉၁၆၃၃တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

Computer Networking with CCNA သင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာ့ ICT ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေသော Networking Certificate တစ်ခုဖြစ်သည့် CCNA သင်တန်းကို NetInfo နည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

ရည်ရွယ်

Computer Networking ကို လေ့လာနေသူများအတွက် CCNA ကို မဖြစ်မနေ ရယူကြကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရှိကြောင်းနှင့် အချိန်တိုအတွင်း Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်ကြောင်းတို့ကြောင့် မြန်မာလူငယ်များအတွင်း CCNA လက်မှတ်ကို နှစ်သက်ကြသည်။ သင်ရိုးညွှန်းတမ်းကို သေချာစွာမသိခြင်း၊ အသုံးပြုရမည့် Software Simulation များကို ကောင်းစွာအသုံးမချနိုင်ခြင်း၊ မေးခွန်းဟောင်းများကို လေ့လာရုံဖြင့် ဖြေဆိုရန် မလုံလောက်ခြင်း၊ သင်ထောက်ကူပစ္စည်းများမသုံးနိုင်ခြင်းတို့ကြောင့် CCNA ကို သင်ယူရန် အခက်အခဲ ဖြစ်နေခြင်းတို့ကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ CCNA သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

ယင်းသင်တန်းကို ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ IDCS, IAD တက်ရောက်ဆဲ၊ တက်ရောက်ပြီးသူများ၊ Networking ကို Professional အဖြစ် ရွေးချယ်ထားသူများ၊ ပြည်ပ၌ အလုပ်လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

ဆက်သွယ်နိုင်

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်တစ်ရက် ဗုဒ္ဓဟူးနေ့ တက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၂၀သာကန့်သတ်ထားပြီး စိတ်ဝင်စားသူများသည် NetInfo နည်းပညာသင်တန်းကျောင်း အဆောင် (၂) အခန်း(၁) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၅နှင့် ၆၅၂၂၄၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သုံးခွ အထက(၁)၊ (၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်း သုံးခွမြို့ အထက(၁)၊ (၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အသက် ၆၀ကျော် ဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံ ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးသန်းထွန်း(ရွှေပင်ငွေပင်)ဖုန်း-၂၉၂၁၉၂၊ ဦးစောလှိုင် (လှကမ္ဘာ) ဖုန်း-၂၉၁၃၁၁၊ ဦးမြသိန်း ဖုန်း-၆၆၁၃၇၉၊ ဦးအုန်းကြွယ် ဖုန်း-၂၉၀၅၉၃၊ ဦးအောင်သန်း ဖုန်း-၅၇၁၄၁၇၊ ဦးအောင်သန်းစိုး ဖုန်း-၂၉၂၂၆၄၊ ဦးကျင်တိုး ဖုန်း-၅၆၄၆၄၂၊ ဦးအုန်းသောင်း ဖုန်း-၀၉-၅၁-၉၁၆၄၆၊ ဒေါက်တာ ငွေးလှ ဖုန်း-၀၉-၅၁-၄၆၀၉၀၊ ဦးဇော်နိုင် ဖုန်း-၀၉-၅၀-၁၈၃၁၆၊ ကိုကျော်ကျော်လေး ဖုန်း-၀၉-၅၁-၇၉၇၀၀နှင့် ဦးရဲအောင် ဖုန်း-၀၉-၅၀-၀၂၈၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်မှ လိုက်ပါအပူဇော်ခံမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ရန်ကုန်-သုံးခွ ကားဂိတ်(အောင်ဇီစီကားဂိတ်)မှ ယင်းနေ့ နံနက် ၈နာရီအထိ စောင့်ကြိုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် နိုဝင်ဘာ ၂၉

ကျေးလက်လမ်းခင်းရေး မိုးကောင်း၌ ဆောင်ရွက်

မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မိုးကောင်း-တာပေါကျေးလက်လမ်းအရှည် ၉၃၃၈ ပေ၊ အကျယ် ၁၂ ပေရှိ လမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဖြစ်ရာ လမ်းခင်းကျောက်များ သတ်မှတ်ကျင်းအရေအတွက် ပြည့်မီစွာ စုဆောင်းရရှိရေးအတွက် ကျောက်ထုတ်လုပ်မှုလုပ်ငန်းခွင်သို့ နိုဝင်ဘာ ၁၆ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။ (၀၀၁)

ဟုမ္မလင်း၌ ဆင်းကေရီ(၃)စံပြကွက် ကောက်ရိတ်သိမ်း

ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် စံပြကွက်ကောက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၁ရက် နံနက်က ကတ်သာကျေးရွာ အမှတ်(၁၃၂) ဦးပိုင်အမှတ်(၃၅) တောင်သူဦးသန်းအောင်၏ လယ်ကွင်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆင်းကေရီ(၃)တစ်ဧကေ ၈၃ ဒသမ ၅၂ တင်း ထွက်ရှိသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့နယ် စည်ပင်သာယာ စက်ရေတွင်းတူးဖော်

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း စီသောင်ကျေးရွာ နှစ်လက်မစက်ရေတွင်းတူးဖော်မှုကို နိုဝင်ဘာ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကျော်ကျော် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့ သာယာလှပရေး ပန်းအလှပင်များပြုပြင်

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်က မြို့အဝင်ကျွန်းပန်းခံများ၌ စိုက်ပျိုးထားသော ပန်းအလှပင်များ ပြုပြင်မှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်က ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၀၂၁)

ခမောက်ကြီးမြို့ သာယာလှပရေး ဆောင်ရွက်

ခမောက်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ဆောင်ရွက်သော အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်မှုကို နိုဝင်ဘာ ၁ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးအောင်ကိုဝင်းက လုပ်ငန်းဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

အမရပူရ၌ တိုင်းရင်းဆေးအခမဲ့ ကွင်းဆင်းကုသ

တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို အောက်တိုဘာ ၂၂ရက်က အမရပူရမြို့နယ် စာတိုးကျေးရွာ၌ ကျင်းပရာ မန္တလေးခရိုင် တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်ခင်ခင်မြ၊ မန္တလေးတိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးသောင်းငွေ၊ ချမ်းမြသာစည်မြို့နယ် တိုင်းရင်းဆေးခန်းမှူး ဒေါ်တင်မိုးဝေ၊ မန္တလေးခရိုင် တိုင်းရင်းဆေးအသင်းဥက္ကဋ္ဌ ဦးသင်းနှင့် တိုင်းရင်းဆေးဆရာမ ၁၂ ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် လူနာ ၂၀၀ကျော်အား ဆေးဝါးအခမဲ့ ကွင်းဆင်းကုသပေးကြသည်။ (၀၉၂)

ကန့်ဘလူ၌ စာစီစာကုံးပြိုင်ပွဲဆုရသူများဆုချီးမြှင့်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့၌ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ (၀၂၇)

ဘူးသီးတောင်၌ ပန်းအလှပင်များ ပျိုးထောင်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှု အခြေအနေကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် နိုဝင်ဘာ ၁၀ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြသသည်။ (မြို့နယ်စည်ပင်)

ရေစကြို၌ ဖုန်းလိုင်းများ တိုးချဲ့

မကွေးတိုင်း ရေစကြိုမြို့တွင် ဒုတိယအကြိမ် ကြိုးဖုန်း ၃၄၃လုံးကို ခရိုင်အင်ဂျင်နီယာ ဦးလှငွေ၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တင့်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ဒုတိယပတ်မှစတင်၍ တယ်လီဖုန်းလိုင်းများ ဖွင့်ပေးပြီး ယခင်က တပ်ဆင်ပေးထားသော ကြိုးဖုန်း အလုံး ၅၀၀ကိုလည်း အဟောင်းမှ အသစ်သို့ ပြောင်းလဲပေးမည်ဖြစ်၍ ရေစကြိုမြို့နယ်အနေဖြင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့လာတော့မည်ဖြစ်သည်။ (၀၆၉)

ပုသိမ် အထက(၆)၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်သူများဆုချီးမြှင့်

ပုသိမ်မြို့ အထက(၆)၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၈ရက်က အဆိုပါကျောင်း၌ကျင်းပရာ ဧရာဝတီတိုင်း၌ အမှတ်အများဆုံးပထမဆုရ မောင်ကောင်းခန့်ဇော်၊ ဒုတိယဆုရ မောင်ကျော်ခိုင်ထက်နှင့် တတိယဆုရ မောင်စည်သူလွင်တို့အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ (၀၅၇)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၀၉ ခုနှစ် အကြိမ်(၄၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများနှင့်စစ်သည် မိသားစုဝင်များ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ဒုတိယ တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများသည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူများက ဆုရရှိသော အသင်းများနှင့် ဒိုင်လူကြီးများအား တစ်ဦးချင်းဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယတိုင်းမှူးက တံခွန်စိုက်ဆုရရှိသော အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MNL အရန်အသင်းများအမှတ်ပေးပြိုင်ပွဲ ကမ္ဘောဇနိုင်ပွဲစရ ဆောက်သမ်းမြန်မာနှင့် ရန်ကုန်ယူနိုက်တက်တို့ သရေကျ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၉

MNL အရန်အသင်းများအမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်း နိုင်ပွဲရခဲ့ပြီး ဆောက်သမ်းမြန်မာနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေပွဲဖြစ်သွားပါတယ်။

အကောင်းဆုံးဆုရ စိုးမြတ်မင်း (ကမ္ဘောဇ)။ (မြန်မာ့အလင်း)

စလင်းကွင်း

ကမ္ဘောဇ - သုံးဂိုး
ဇေယျာရွှေမြေ - တစ်ဂိုး

ဂိုးပြတ်

နိုင်ပွဲတွေဆက်နေတဲ့ ဇေယျာရွှေမြေအသင်းဟာ ယခုပွဲမှာခြေချော်ပြီး ကမ္ဘောဇကို ဂိုးပြတ် အရေးနိမ့်ရခဲ့ပါတယ်။ လက်ရွေးစင်ဟောင်း ဇော်လင်းထွန်း-၂ ဦးဆောင်ပြီး ရဲဝေယံစိုး၊ ကျော်ဌေးဦး၊ မျိုးကျော်တို့ ပါဝင်ခဲ့တဲ့ ဇေယျာရွှေမြေအသင်းဟာ ယခုပွဲမှာထင်သလောက် ခြေစွမ်းမပြနိုင်ဘဲ အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

လေးပွဲဆက် နိုင်ပွဲပျောက်နေတဲ့ ကမ္ဘောဇအသင်းဟာ ဇေယျာရွှေမြေအသင်းကို အနိုင်ကစားပြီး ပထမဦးဆုံးနိုင်ပွဲရရှိခဲ့ပါတယ်။ ကမ္ဘောဇအတွက် ပထမဦးဆုံး ခြေစွမ်းပြခဲ့သူကတော့ လက်ရွေးစင်ဟောင်း တိုက်စစ်မှူး စိုးမြတ်မင်းဖြစ်ပြီး ယခုပွဲမှာ တစ်ပွဲတည်း သုံးဂိုး(ဟက်ထရစ်) သွင်းယူပေးခဲ့ပါတယ်။

စိုးမြတ်မင်း

စိုးမြတ်မင်း၊ အောင်ကျော်ဦး၊ အောင်သန်းဝင်း၊ နေဇော်ထက်တို့ပါဝင်လာတဲ့ ကမ္ဘောဇအသင်းဟာ ပထမဦးဆုံးနိုင်ပွဲရရှိဖို့ ပွဲစကတည်းက တိုက်စစ်အားမြှင့်ကစားခဲ့ပါတယ်။ ၁၄မိနစ်မှာ ကမ္ဘောဇအသင်း ဖွင့်ဆော်ဦးဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် စိုးမြတ်မင်းက သွင်းယူပေးခဲ့ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာ ပွဲဟာအပြန်အလှန်ရှိခဲ့ပြီး ၄၆မိနစ်မှာ နေဝင်းအောင်ရဲ့ဖြတ်တင်ဘောကနေ စိုးမြတ်မင်းက ခေါင်းတိုက်ပြီး ကမ္ဘောဇအတွက် ဒုတိယဂိုး သွင်းယူခဲ့ပါတယ်။

နှစ်ဂိုးပေးလိုက်ရလို့ ဇေယျာရွှေမြေအသင်း တိုက်စစ်ပြန်တင်လာပြီး ၅၂မိနစ်တွင် ပယ်နယ်တီမှတ်စ်ဆင့် ဇော်လင်းထွန်း-၂ က ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ ချေပဂိုးထပ်ရဖို့ ကြိုးစားခဲ့ပေမယ့် ၇၁မိနစ်မှာ စိုးမြတ်မင်းက ဇေယျာရွှေမြေနောက်ခံလူ ဇော်လင်းထွန်း-၂ကို လိမ်ပြီး တတိယဂိုးသွင်းယူခဲ့တာကြောင့် ကမ္ဘောဇအသင်း အနိုင်ရရှိဖို့ သေချာသွားခဲ့တာဖြစ်ပါတယ်။ ပွဲအပြီးမှာ အကောင်းဆုံးဆုကို ကမ္ဘောဇတိုက်စစ်မှူး စိုးမြတ်မင်းက ရရှိခဲ့ပါတယ်။

ပဒုမ္မာကွင်း

ဆောက်သမ်းမြန်မာ - တစ်ဂိုး
ရန်ကုန်ယူနိုက်တက် - တစ်ဂိုး

ဆောက်သမ်းမြန်မာအသင်းဟာ ပထမပိုင်းမှာ သွင်းယူခဲ့တဲ့အောင်မွန်ဘိုဘိုရဲ့ ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ဒေးဗစ်ဒန်းက ဒုတိယပိုင်းမှာ ရန်ကုန်ယူနိုက်တက်အတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့တာကြောင့် သရေကျခဲ့တာ ဖြစ်ပါတယ်။ အကောင်းဆုံးဆုကို ဆောက်သမ်းက နေလင်းထိုက်က ရရှိခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ဇေယျာရွှေမြေမှမျိုးကျော်၏ ထိုးဖောက်ဂိုးသွင်းမှုကို ကမ္ဘောဇဂိုးသမား ရဝေဇင် ကာကွယ်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

လီဗာပူးတို့ နိုင်ပွဲပြန်စပြီ အာကြီးတို့ ချယ်လ်ဆီးကိုဂိုးပြတ်ရှုံး

လန်ဒန် နိုဝင်ဘာ ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၁၄) လက်ကျန်ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၂၉ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်နှင့် လီဗာပူးတို့ပွဲမှာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

စတင်ရရှိ

အဲဗာတန်က အိမ်ကွင်း၌ လီဗာပူးနောက်တန်းကို ခြိမ်းခြောက်လျက် အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သည်။ သို့သော်လည်း ပွဲစပြီး ၁၂မိနစ်အကြာ လီဗာပူးကစားသမား မာရှေယာနို ၂၅ကိုက်အကွာမှ ပြင်းပြင်းထန်ထန် ကန်တင်ပေးသည့် ဘောလုံးမှာ အဲဗာတန် ကစားသမား ဂျိုးဇက်ယိုဘိုနှင့်ထိပြီး ဂိုးဝင်သွားခဲ့သဖြင့် လီဗာပူးတို့ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။

လီဗာပူးကစားသမား မာရှေယာနို၏ အဲဗာတန်ဘက်သို့ ထိုးဖောက်ကန်သွင်းမှုကို ဤသို့ တွေ့ရသည်။

သွင်းယူနိုင်ခဲ့

သို့သော်လည်း အိမ်ရှင် အဲဗာတန်ကစားသမားများ လီဗာပူးကို အချိန်ကြာမြင့်စွာ ဖိကစားခဲ့သည်။ ထိုသို့ တိုက်စစ်အရှိန်မြှင့်ကစားခဲ့သဖြင့် ရုရှားမှ ပေါင် ၁၀သန်းဖြင့် ခေါ်ယူထားသော အဲဗာတန်ကစားသမား ဘီယာလတ်ဒီနော့ဗ်က ပထမပိုင်းအတွင်း နှစ်ကြိမ်တိုင်တိုင် ဂိုးများသွင်းယူခဲ့သည်။ သို့သော် လူကျွံဘောဖြစ်နေ၍ ကွင်းလယ်ဒိုင်လူကြီးက ဂိုးအဖြစ် မသတ်မှတ်ခဲ့ပေ။ အဲဗာတန်၏တိုက်စစ်မှာ လီဗာပူးကစားသမားများ မနည်းပိတ်ဆို့ကစားခဲ့ရသည့် အခြေအနေသို့ ရောက်ခဲ့သည်။ လီဗာပူးတို့ ရံဖန်ရံခါ ထိုးဖောက်ကစားခဲ့ရာမှ ဒုတိယဂိုးကို သွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်က ပွဲချိန်မိနစ် ၈၀တွင် ဂိုးသမားရှေ့နား ကန်တင်ပေးလိုက်သော ဘောလုံးကို ရရှိသွားပြီး အဲဗာတန် ဂိုးဧရိယာအတွင်း အနီးကပ်သွင်းယူလိုက်၍ ဒုတိယဂိုးရခဲ့သည်။

လီဗာပူးတို့ ပွဲအပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အဲဗာတန်ကို အနိုင်ရလိုက်၍ ထိုက်တန်သော အဝေးကွင်းသုံးမှတ်ကို စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယား နံပါတ်(၅)နေရာသို့ တက်နိုင်ခဲ့သည်။

သုံးမှတ်ရရှိ

စောစောပိုင်းက ဝူလ်ဗာဟမ်တန်ကွင်း၌ ဘာမင်ဂမ်တို့ လီဘောင်ယာ၏ ဂိုးဖြင့် ထိုက်တန်သော ရမှတ်သုံးမှတ်ရရှိခဲ့သည်။ ဘာမင်ဂမ်တို့ ယင်းအနိုင်ပွဲကြောင့် အမှတ်ပေးဇယား အလယ်သို့ရောက်ရှိလာသည်။

အာဆင်နယ် ၀ - ၃ ချယ်လ်ဆီး

(အင်တာနက်)

ဥရောပ အကောင်းဆုံးဘောလုံးသမားဆု ပဏာမ ၁၀ဦး စာရင်းကြေညာ

လန်ဒန် နိုဝင်ဘာ ၂၉

အင်္ဂလန်ကစားသမားနှစ်ဦးဖြစ်သည့် စတီဗင်ဂျရတ်နှင့် ရွန်နေတို့အား ၂၀၀၉ ခုနှစ် ဥရောပအကောင်းဆုံး ဘောလုံးသမားဆု ပဏာမ ၁၀ဦးစာရင်းတွင် ရွေးချယ်ထားသည်။ ယင်းဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို အားကစား ကလောင်ရှင်များ ဆန္ဒမဲပေးရွေးချယ်ခြင်းဖြစ်ပြီး ဒီဇင်ဘာ၁ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဥရောပအကောင်းဆုံး ဘောလုံးသမားဆုကို Ballon d'Or ဆုဟူ၍လည်း ခေါ်ဆိုကြသည်။ ပဏာမ ရွေးချယ်ထားသော ဘောလုံးသမား ၁၀ဦးမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ စီရိုနယ်ဒို (ပေါ်တူဂီ)၊ ရီးရဲမက်ဒရစ်
၂။ ဒရော့ဘာ (အိုင်ဗရီကို့စ်)၊ ချယ်လ်ဆီး
၃။ အီတူး (ကင်မရွန်း)၊ အင်တာမီလန်
၄။ ဂျရတ် (အင်္ဂလန်)၊ လီဗာပူး
၅။ အီဘရာဟင်မိုဗစ် (ဆွီဒင်)၊ ဘာစီလိုနာ
၆။ အင်နီယေစတာ (စပိန်)၊ ဘာစီလိုနာ
၇။ ကာကာ (ဘရာဇီး)၊ ရီးရဲမက်ဒရစ်
၈။ မက်ဆီ (အာဂျင်တီးနား)၊ ဘာစီလိုနာ
၉။ ရွန်နေ (အင်္ဂလန်)၊ မန်ယူ
၁၀။ ဇာဗီ (စပိန်)၊ ဘာစီလိုနာ

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

ဒဂုံရွှေအောင်လံ ၂၀၁၀ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲကြီးနှင့်ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ၊ အလွတ်တန်းလုံးချောနှင့် ရွှေဆိုင်း ပထမတန်းတွင် တွေ့မရှောင်နှင့် ဇော်ဖိုးကေတို့ ထိုးသတ်ရမည်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံရိုးရာအဖွဲ့ချုပ်ကကြီးမှူးပြီး Dagon Brewery Co.,Ltd. ၏ အဓိကကူညီပံ့ပိုးမှုဖြင့် H&S Group မှ ဦးစိုင်းဇော်ဇော် တာဝန်ယူစီစဉ်သော ဒဂုံရွှေအောင်လံ ၂၀၁၀ မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံလုပွဲကြီး ကျင်းပမည်ဖြစ်ရာ ထိုပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲနှင့် လက်ဝှေ့တွဲဆိုင်းများမဲနှိုက်ပွဲကို နိုဝင်ဘာ ၂၇ရက် ညနေ၆နာရီက စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ (ပြည်ပဆက်ဆံရေး)ဦးဝင်းဇင်ဦး၊ Dagon Brewery Co.,Ltd.၏ လက်ထောက်အထွေထွေမန်နေဂျာဦးသာဖြိုးနှင့် ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်တို့က မိမိသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

ရွေးချယ်

ထို့နောက် ဒီဇင်ဘာ ၁၂ရက်နှင့် ၁၃ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ညနေ၃နာရီမှ စတင်ယှဉ်ပြိုင်မည့် ဒဂုံရွှေအောင်လံ ၂၀၁၀ ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်ကြမည့် လက်ဝှေ့တွဲဆိုင်းများကို ခုံဒိုင်ချုပ်ဆရာကြီး ဦးဒေါင်းနီဦးဆောင်၍ မဲစနစ်ဖြင့် ရွေးချယ်သည်။ အလွတ်တန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် လုံးချောနှင့်ရွှေဆိုင်း၊ လက်ရှိအောင်လံဆုရှင် စောငမန်းနှင့် ကြယ်လင်းအောင်တို့ထိုးသတ်ရန် မဲကျခဲ့ကြသည်။ပထမတန်းဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် လက်ရှိအောင်လံဆုရှင် တွေ့မရှောင်နှင့်ထိုးသတ်ရန် ဇော်ဖိုးကေ မဲကျပြီး ထွန်းထွန်းနှင့် စျာန်ထူးတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပထမအကြိမ် ပွဲတွင် မပါဝင်ခဲ့ဘဲ ယခုပွဲတွင်မှထပ်တိုးလိုက်သော ဒုတိယတန်းအောင်လံအတွက် မဲစနစ်ဖြင့် လူဆိုင်းတွဲရာ အမေ့သား(ရွှေကုက္ကို)နှင့် ဘာမထီ(ခ) မိုက်တိုင်စန်(အလင်းရောင်)၊ စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့် ရှမ်းသွေးလေး(ဒေါင်းမြန်မာ)၊ စိုးလင်းဦး(တောင်ကလေး)နှင့် လုံးချောလေး(ရက္ခဗျာလ)၊ ဒေါဂျစ်(လယ်ယာ/ဆည်မြောင်း)နှင့် မင်းထက်ကျော်(တိုက်ဂါး)တို့ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ချီးမြှင့်မည်

ဆုကြေးအနေဖြင့် အလွတ်တန်းနှင့် ပထမတန်းအောင်လံဆုအဖြစ် ကျပ်သိန်း ၃၀စီနှင့် ဒုတိယတန်းအောင်လံဆုအတွက် ကျပ်သိန်း ၂၀ချီးမြှင့်မည်ဖြစ်သည်။ ဝင်ကြေးအဖြစ် အထူးတန်းကျပ် ၈၀၀၀ နှင့် ရိုးရိုးတန်းကျပ် ၅၀၀၀သတ်မှတ်ထားသည်။ ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်(ဗီဒီယို) အမှတ် ၁၇၄ မြေညီထပ် ၃၅လမ်း(လယ်) ကျောက်တံတား ဖုန်း-၃၈၇၆၅၀၊ ၀၉-၅၁-၂၉၂၄၄၊ ၀၉-၅၀-၈၇၉၇၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

▼ *ရှေ့ဖုံးမှ*

ပန်းပေါင်းစုံ လှပဆန်းသစ်စွာ ပြသထားသည့်အနက် စိတ်ဝင်စားဖွယ်ကောင်းသည့်ပန်းများကို ကမ္ဘာလှည့် ဧည့်သည်တစ်ဦးက ကင်မရာနှင့် မှတ်တမ်းတင်နေစဉ်။

(မြန်မာ့အလင်း)

ချမ်းအေးမှု

ယင်းကဲ့သို့ တောင်ပေါ်ဒေသ၏ လှပမှု၊ ချမ်းအေးမှုတို့ကို ခံစားလိုကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများသည် အဆိုပါ ဒေသများသို့ သွားရောက်ကြသည်။ အပန်းဖြေအနားယူကြသည်။ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ သွားရောက်အပန်းဖြေလေ့လာကြသည့် တောင်ပေါ်ဒေသများမှာ မြန်မာနိုင်ငံ၌ အများအပြားရှိပြီး ယင်းအထဲတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ ပြင်ဦးလွင်မြို့လည်း အပါအဝင်ဖြစ်သည်။ မန္တလေးမြို့မှတစ်ဆင့် ကွေ့ကာ ကောက်ကာဖြင့် တစ်တောင်ပြီး တစ်တောင်ကျော်ဖြတ်ကာ သွားရောက်နိုင်သည်။

ပြင်ဦးလွင်မြို့သည် သာယာရှုမငြီးဖွယ် သဘာဝပတ်ဝန်းကျင်၊ ကြည်လင်အေးမြသော ရာသီဥတုနှင့် ပေါများကြွယ်ဝလှသော သစ်သီးပန်းမန်များကြောင့် ကမ္ဘာ့နိုင်ငံများအထိပါ ထင်ရှားကျော်ကြားသော တောင်ပေါ်မြို့တစ်မြို့ ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၅၁၀ တွင် တည်ရှိသော ပြင်ဦးလွင်မြို့သည် ငါးမည်ရသည့် တောင်ပေါ်မြို့လည်း ဖြစ်သည်။ ပြင်ဦးလွင်မြို့ကို မေမြို့ဟု ခေါ်ဆိုကြသကဲ့သို့ ချမ်းအေးပြီး နှင်းများ ထူထပ်စွာ ကျရောက်လေ့ရှိသောကြောင့် နှင်းမြို့တော်၊ ပန်းမန်ပေါင်းစုံဖူးပွင့်ဝေဆာလျက်ရှိသောကြောင့် ပန်းမြို့တော်၊ တစ်တောင်ပေါ် တစ်တောင်ဆင့်ပြီး တည်ရှိနေသည့်အတွက် တောင်လှေကားမြို့တော်ဟူ၍ ခေါ်ဆိုကြသည်။

ကမ္ဘာ့အကောင်းဆုံးစာရင်းဝင် မြန်မာ့အင်ကြင်းကျောက်များကို ဤသို့ ခင်းကျင်းပြသထားသည်။

(မြန်မာ့အလင်း)

ဆီးကြိုနေ

တောင်ပေါ် တက်ကတည်းက ထူးခြားသည့် ပတ်ဝန်းကျင်အထိအတွေ့ ခံစားနေရသည့် ပြင်ဦးလွင်မြို့သည် မြို့ပေါ် ဝင်ရောက်လိုက်သည်နှင့် မြို့ကျက်သရေဆောင် နာရီစင်ကြီးက ဆီးကြိုနေသည်။ ပိတ်ချင်းမြောင်၊ ဓာတ်တော်ချိုင့်၊ ရေတံခွန်၊ ပွဲကောက်ရေတံခွန် စသည့် လေ့လာအပန်းဖြေစရာနေရာများလှသလို ပြင်ဦးလွင်မြို့၏သဘာဝအလှအပအရာများ၊ သစ်ပင်ပန်းမန်များ ဝေဆာဖူးပွင့်နေမှုကို လှစ်ဟပြနေသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်လည်း ရှိသည်။ ၄င်းနှင့် မနီးမဝေးမှာပင် ပြည်နယ်နှင့်တိုင်းအသီးသီး၏ အထင်ကရနေရာများ၏ ပုံစံငယ်များ၊ ခေတ်မီ ကလေးကစားကွင်းရှိသည့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်လည်းရှိသည်။

အပန်းဖြေ

ပြင်ဦးလွင်မြို့ကို လာရောက်လည်ပတ်သူတိုင်းကလည်း သစ်ပင်ပန်းမန်များဖြင့် လှပဝေဆာနေသော အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို လာရောက်လေ့လာ အပန်းဖြေကြမဲ့ ဖြစ်သည်။ ယင်းဥယျာဉ်ကို တာဝန်ယူ ဆောင်ရွက်နေသည့် HTOO Foundation ကလည်း လာရောက်သူတို့ စိတ်ကျေနပ်အပန်းပြေစေရန် အစဉ်အမြဲ ဆန်းသစ်နေအောင် ပြင်ဆင်လျက်ရှိသည်။ အပန်းဖြေ အနားယူလေ့လာသူတို့ ဗဟုသုတရရှိစေရန်နှင့် ပိုမိုစိတ်ဝင်စားရန်အတွက် HTOO Foundation လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တို့ကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပြတိုက်သုံးခုကို ဒီဇင်ဘာ ၁ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသည်။ လိပ်ပြာပြတိုက်တွင် လိပ်ပြာကောင်ရေသုံးသောင်းကို ပုံးပေါင်း ၂၈၀ဖြင့် ပြသသွားမည်ဖြစ်သည်။

အင်ကြင်းပြတိုက်

လိပ်ပြာပြတိုက်ပြီးနောက် အင်ကြင်းပြတိုက်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တို့အကြောင်းကို ဆက်လက်လေ့လာစေမိသည်။ အင်ကြင်းပြတိုက်တွင် သဘာဝအင်ကြင်း၊ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများအပြင် သီးခြားအမျိုး ၂၀၀နီးပါးရှိ နိုင်ငံခြားနည်းပညာဖြင့် အရောင်တင်ထားသည့် အင်ကြင်းကျောက် အရောင်မျိုးစုံကို ပြသသွားမည်ဖြစ်သည်။ ခြောက်လက်မမှ ၁၅ပေအတွင်းရှိ အင်ကြင်းကျောက် အရောင်အသွေးမျိုးစုံကို လာရောက်လေ့လာသူအပေါင်း ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ "ကျွန်တော်တို့အနေနဲ့ လာရောက်ကြည့်ရှုသူတွေ ဗဟုသုတရရှိအောင်နဲ့ အင်ကြင်းကျောက်ဟာ ဘယ်လောက်ထိ တန်ဖိုးရှိသလဲဆိုတာ သိရှိနိုင်အောင် ပြသဖြစ်သွားတာပါ။ မြန်မာပြည်မှာ တွေ့ရှိရတဲ့ အင်ကြင်းကျောက်တွေဟာ အရည်အသွေးကောင်းမွန်ပြီး တန်ဖိုးလည်းကြီးပါတယ်။ နှစ်သန်းချီကြာပြီးမှ အင်ကြင်းကျောက်ဖြစ်တာပါ။ မြန်မာနိုင်ငံမှာ အင်ကြင်းကျောက်နဲ့ပတ်သက်တဲ့ပြတိုက်မရှိသေးတာကြောင့် အင်ကြင်းကျောက်ရဲ့ လှပဆန်းကြယ်မှု၊ အဖိုးတန်မှုတွေကို ပြည်သူတွေ မသိနိုင်ကြပါဘူး။ အဲဒါကြောင့် ပြတိုက်လုပ်ပြီး ပြသဖြစ်သွားတာပါ။ အင်ကြင်းကျောက်တွေထွက်ရှိတဲ့ နိုင်ငံတော်တော်များများ ကမ္ဘာအနှံ့အပြားမှာရှိပေမယ့် မြန်မာပြည်ကထွက်တဲ့ အင်ကြင်းကျောက်ဟာ အကောင်းဆုံးစာရင်းဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာပြည်ကထွက်တဲ့ အင်ကြင်းကျောက်တွေဟာ အရောင်စုံ၊ ပုံစံစုံနဲ့ အသားလည်းကောင်းပါတယ်။ အင်ကြင်းကျောက်တွေကို နွားထိုးကြီးမြို့၊ ပခုက္ကူမြို့နှင့် အနီးတစ်ဝိုက်မြို့တွေမှာ တွေ့ရှိရပါတယ်" ဟု အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ဖွင့်လှစ်မည့် အင်ကြင်းပြတိုက်ကို ဦးစီးလုပ်ကိုင်နေသူ ဝါသနာရှင်ဦးကျော်အေးက ရှင်းပြသည်။ လာရောက်ကြည့်ရှုသူ အပေါင်းကို ပိုမိုစိတ်ဝင်စားလာစေရန်အတွက် အထူးပြကွက်အနေနှင့် ထန်းကျောက်အမျိုး ၅၀ကို ပြသသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထန်းပင်ပေါများသည့်အတွက် ထန်းပင်မှဖြစ်သည့် အင်ကြင်းကျောက်များကို ပြသခြင်းဖြစ်သည်။

အရောင်တင်ပုံ

ယင်းကဲ့သို့မျိုး နိုင်ငံတကာမှာပင် ပြသဖူးခြင်း မရှိသေးကြောင်းလည်း သိရသည်။ အဆိုပါ အင်ကြင်းကျောက်ပြတိုက်တွင် အင်ကြင်းကျောက် အရောင်တင်ပုံအဆင့်ဆင့်ကို ပြသသွားမည်ဖြစ်သည်။ အင်ကြင်းကျောက်မှ ထုတ်လုပ်ထားသည့် ပုတီး၊ လက်ကောက်၊ နားကပ်၊ နားဆွဲ၊ သော့ချိတ်၊ ဆွဲပြားနှင့် ပန်းချီကားများကို ပြသသွားမည်ဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်း

ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်တွင်လည်း သတ္တဝါ ၁၅မျိုး၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ပြသသွားမည်ဖြစ်သည်။ ဦးစားပေးအနေဖြင့် ခုနစ်ပေရှိ ဆင်စွယ်အစုံလိုက်နှစ်စုံနှင့် အစိတ်အပိုင်းမျိုးစုံကိုပြသမည်ဖြစ်ရာ လာရောက်လေ့လာသူများ သတ္တဝါတစ်ကောင်ချင်းစီ၏အစိတ်အပိုင်းများကို အသေးစိတ်လေ့လာခွင့် ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် မိကျောင်းနှင့် ကမ္ဘာဦးလိပ်အမျိုးအစား နှစ်မျိုး (သို့) သုံးမျိုးကို ပြသသွားမည်ဖြစ်သလို ဆင်၊ မိကျောင်း၊ လိပ်၊ ရေမြင်း၊ ကြံ့၊ ဝက်၊ နွား၊ အသားစားသတ္တဝါစသည့် သတ္တဝါများ၏ဦးခေါင်း၊ သွား၊ ချိုစသည့် အစိတ်အပိုင်းများကိုလည်း တွေ့မြင်ကြည့်ရှုနိုင်မည်ဖြစ်သည်။ လိပ်၊ ကဏန်း၊ ရေအောက် သတ္တဝါအချို့တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း အကောင်လိုက် ပြသသွားမည်ဟု သိရသည်။ သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများအပြင် သစ်ပင်ကဖြစ်သည့် ရုပ်ကြွင်းများ၊ အမြစ်များ၊ အခေါက်များ၊ ကျောက်ပိုးများကိုပါ ပြသသွားမည်ဖြစ်သည်။

ခြယ်မှုန်းထား

ယင်းပြတိုက်တွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကိုသာ ပြသသွားမည်ဖြစ်သည်။ ယင်းအတွက်ကြောင့် ဒီဇင်ဘာ ၁ရက် **(မနက်ဖြန်)**မှစ၍ ဖွင့်လှစ်ပြသမည့် လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်နှင့် သက်မဲ့ရုပ်ကြွင်းပြတိုက်တို့ကြောင့် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် မိဘပြည်သူများသည် လေ့လာ အပန်းဖြေ အနားယူရင်း ဗဟုသုတများလည်း ရာမှီးခွင့် ရရှိတော့မည်ဖြစ်သည်။ ထို့ပြင် ပန်းပွင့်ပေါင်းများစွာဖြင့် စီရင်အလှခြယ်မှုန်းထားမည့် အမျိုးသား ကန်တော်ကြီး ဥယျာဉ်၏ အပြင်အဆင်များကြောင့်လည်း စိတ်နှလုံးပျော်ရွှင် ချမ်းမြေ့နိုင်မည်မှာ သေချာလှသလို ပြည်တွင်း၊ ပြည်ပ ပန်းများ၊ ပန်းပွင့်များဖြင့် သရုပ်ဖော်ထားသည့် ပြကွက်များကြောင့်လည်း မျက်စိပသာဒရှိလှမှာ သေချာလှသည်။

အလှဆင်

အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ လာရောက်အပန်းဖြေကြမည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ မျက်စိပသာဒရှိစေရန် HTOO Foundation က ပန်းများဖြင့် အလှဆင်သွားမည်ဟု သိရသည်။ ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ မှာယူထားသော



အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် တွေ့ရသည့် ရုပ်လုံးကြွ ငါးကြီးနှင့် ငန်းတို့ကို ယှဉ်တွဲတွေ့ရသည်မှာ····။

(မြန်မာ့အလင်း)



း
ကိုက်တွင်
ကိုယ်ခန္ဓာ
သွားမည်
င့် ခုနစ်
င့် အစိတ်
ာရောက်
ာင်ချင်းစီ
သေးစိတ်
ဖြစ်သည်။
၃ဦးလိပ်
သုံးမျိုးကို
ကျောင်း၊
သားစား
ဦးခေါင်း၊

သွား၊ ချိုစသည့် အစိတ်အပိုင်းများကိုလည်းတွေ့မြင်ကြည့်ရှုနိုင်မည်ဖြစ်သည်။ လိပ်၊ ကဏန်း၊ ရေအောက် သတ္တဝါအချို့တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း အကောင်လိုက် ပြသသွားမည်ဟု သိရသည်။ သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများအပြင် သစ်ပင်ကဖြစ်သည့် ရုပ်ကြွင်းများ၊ အမြစ်များ၊ အခေါက်များ၊ ကျောက်ပိုးများကိုပါ ပြသသွားမည်ဖြစ်သည်။

ခြယ်မှုန်းထား

ယင်းပြတိုက်တွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် တွေ့ရှိရသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကိုသာ

ဥယျာဉ်တွင် အပင်အရေအတွက် တစ်သိန်းတို့ကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပတ္တမြားဂမုန်း၊ သစ်ခွပင်များနှင့် ပြည်တွင်း၌ စိုက်ပျိုး၍မရသည့် အပင်များလည်း ပါဝင်မည်ဖြစ်သည်။ ပြင်ဦးလွင်မြို့ကိုဖော်ညွှန်းသည့် ရထားလုံးနှင့် နာရီစင်၊ ရုပ်လုံးကြွပြကွက်များဖြစ်သည့် Donel Duck၊ ဝက်ဝံပုံများ၊ သမင်၊ ခရစ္စမတ်ဘိုးဘိုးကြီး၊ ခြင်္သေ့၊ နဂါး၊ ငါး၊ ပန်းအိုးပုံစံများ၊ ပန်းအစစ်များ၊ အတုများဖြင့် ပုံဖော်သွားမည်ဟု သိရသည်။လာရောက်သူများ အမှတ်တရဓာတ်ပုံ ရိုက်ကူးနိုင်ရန် မော်ဒယ်လ်ရုပ်များလည်း စီစဉ်ပေးသွားမည်ဟုလည်း သိရသည်။

ပန်းမန်များ

ချမ်းအေးလှသည့် ရာသီဥတု၊ ဖူးပွင့်ဝေဆာမွှေးကြိုင်နေသည့် ပန်းမန်များကြောင့် ပြင်ဦးလွင်မြို့၏ ဟေမန်ဆောင်းကာလသည် **'ဆောင်းနှင်းအေးအေး၊ ပန်းမွှေးမွှေး'** ဖြစ်နေတော့မှာ သေချာလှပေသည်။ ။

(မြန်မာ့အလင်း)

လိပ်ပြာပြတိုက်တွင် ပြသမည့် လိပ်ပြာအကောင်ငယ်များကို တွေ့ရစဉ်။
(မြန်မာ့အလင်း)



ဒီဇင်ဘာ ၁ရက်(မနက်ဖြန်)မှစ၍ ဖွင့်လှစ်ပြသမည့် လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်နှင့် သက်မဲ့ရုပ်ကြွင်းပြတိုက်တို့ကြောင့် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် မိဘပြည်သူများသည် လေ့လာအပန်းဖြေအနားယူရင်း ဗဟုသုတများလည်း ရှာမှီးခွင့်ရရှိတော့မည်။

ငါးကြီး
...လင်း)

ပြသသွားမည်ဖြစ်သည်။ ယင်းအတွက်ကြောင့် ဒီဇင်ဘာ ၁ရက် **(မနက်ဖြန်)**မှစ၍ ဖွင့်လှစ်ပြသမည့် လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်နှင့် သက်မဲ့ရုပ်ကြွင်းပြတိုက်တို့ကြောင့် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ လာရောက်အပန်းဖြေကြသည့် မိဘပြည်သူများသည် လေ့လာ အပန်းဖြေ အနားယူရင်း ဗဟုသုတများလည်း ရှာမှီးခွင့် ရရှိတော့မည်ဖြစ်သည်။ ထို့ပြင် ပန်းပွင့်ပေါင်းများစွာဖြင့် စီရင်အလှခြယ်မှုန်းထားမည့် အမျိုးသား ကန်တော်ကြီး ဥယျာဉ်၏ အပြင်အဆင်များကြောင့်လည်း စိတ်နှလုံးပျော်ရွှင် ချမ်းမြေ့နိုင်မည်မှာ သေချာလှသလို ပြည်တွင်း၊ ပြည်ပ ပန်းများ၊ ပန်းပွင့်များဖြင့် သရုပ်ဖော်ထားသည့် ပြကွက်များကြောင့်လည်း မျက်စိပသာဒရှိလှမှာ သေချာလှသည်။

အလှဆင်

အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ လာရောက်အပန်းဖြေကြမည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ မျက်စိပသာဒရှိစေရန် HTOO Foundation က ပန်းများဖြင့် အလှဆင်သွားမည်ဟု သိရသည်။ ဂျပန်၊ စင်ကာပူ၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ မှာယူထားသော ပြည်ပပန်းမျိုး ၃၉ မျိုး၊ ပြည်တွင်းပန်းမျိုး ၁၉ မျိုးတို့ကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အလှဆင် ပြသသွားမည်ဖြစ်သည်။

အပင်အရေအတွက်

အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် အပင်အရေအတွက် နှစ်သိန်းငါးသောင်း၊ အမျိုးသားအထိမ်းအမှတ်

ပန်းများဖြင့် အလှဆင်ထားသည့် ကာတွန်းပုံရုပ်လုံးကြွ ပြကွက်များ။ (မြန်မာ့အလင်း)

နာဂစ်မုန်တိုင်းလွန်ကာလ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေး

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၉

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့သည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းလွန်ကာလ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

တင်သွင်းခဲ့

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၅ရက်က ဗန်ကောက်မြို့ရှိ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်ရုံးချုပ်၌ကျင်းပသည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းလွန်ကာလ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြရာ ဆွေးနွေးပွဲတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အစီရင်ခံစာကို ဥက္ကဋ္ဌဖြစ်သည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက တင်သွင်းခဲ့သည်။

ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီး H.E.Mr.Chavarat Chamvirakul၊ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေး ပင်မအဖွဲ့ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan၊ ဗန်ကောက်မြို့ရှိ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင်ရုံးချုပ်မှ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက် အမှုဆောင်အတွင်းရေးမှူး H.E. Dr. Noeleen Heyzer၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ကုလသမဂ္ဂတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေး ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်လျက်ရှိသည့် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ရက်က မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းလွန်ကာလ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲနှင့်ဆက်စပ်သည့် အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာအောင်တို့သည် နိုဝင်ဘာ ၂၇ရက် ညပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ နတ်တော်လဆန်း ၁၄ရက် (အဖိတ်နေ့)

၃၀-၁၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၉။ ပဲခူးတိုင်းရဲ့အလှပန်းချီ ဆွာချောင်းတံတားနဲ့ သက်သေတည်
၈:၃၀ ၁၀။ **လူကူးမျဉ်းကျားမှ ကူးမယ်**
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၄၀ ၈။ **လှေကားသုံးထစ် ဆင်းတဲ့အခါ**
၅:၄၅ ၉။ ရုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၅၀ ၁၃။ နေပြည်တော်တောင်စခန်း ရွှင်လန်းဖွယ်နားခိုမယ် Mount Pleasant Hotel
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်**(အပိုင်း-၁၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၃)

❐ *ကျော့ဖုံးမှ*

ကြာမြင့်လာသည်နှင့်အမျှ စိတ်ဖိစီးမှုနှင့် မှတ်ဉာဏ်ချို့ယွင်းမှုများ ဖြစ်ပွားစေတတ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ပြုလုပ်သင့်

အလုပ်ကို အနည်းဆုံး ၄၅မိနစ် အများဆုံး တစ်နာရီကြာမျှသာ လုပ်ကိုင်သင့်ပြီး ငါးမိနစ်ခန့် အနားယူပြီးမှ ဆက်လက်ပြုလုပ်သင့်ကြောင်း၊ သို့မှသာ ဦးနှောက်ဆဲလ်များ ပျက်စီးမှု လျော့နည်းစေမည်ဖြစ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

အကြံပြု

ထို့ကြောင့် အလုပ်ကို အချိန်ကြာမြင့်စွာ ဆက်တိုက်လုပ်ကိုင်မှုကို သတိပြုဆင်ခြင်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ ။

● *ကျော့ဖုံးမှ*

အဆင့်မြှင့်တင်

ချင်းပြည်နယ်အတွင်း ကလေး-ဖလမ်း-ဟားခါး၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ မင်းတပ်-မတူပီလမ်းစသည့် လမ်းမကြီးလေးသွယ်ကို ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည်။ လမ်းများဖောက်လုပ်ပေးသကဲ့သို့ တံတားများလည်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းတို့အနက် ၂၀၀၅ခုနှစ် မတ်လ ၂၀ရက်က ဖွင့်လှစ်ပေးခဲ့သည့် မံဆောင်းတံတားမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မံဆောင်းတံတားမှာ တီးတိန်မြို့နယ် တီးတိန်-ရိဒ် ရေကန်လမ်းရှိ မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

တံတားအမျိုးအစားမှာ ဘေလီတံတား၊ သံကူကွန်ကရစ်တံတားဖြစ်ကာ စုစုပေါင်း အရှည်ပေ ၄၆၀ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၁၆ပေရှိကာ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၃၂၀နှင့် အမြင့်ပေ ၃၀ရှိသည်။ မံဆောင်းတံတားမှတစ်ဆင့် ချင်းပြည်နယ်အတွင်း ဖောက်လုပ်ထားသည့် လမ်းမကြီးများမှနေ၍ မြန်မာနိုင်ငံအနှံ့သို့ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ရာ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်နေပြီး ဒေသခံတိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြ ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

မျက်မှောက်ကာလ ကမ္ဘာ့ AIDS ရောဂါ ပကတိအနေအထား

၁၉၈၈ခုနှစ်မှစ၍ နှစ်စဉ်ဒီဇင်ဘာလ ၁ရက်နေ့တွင် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနားများကို ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၂)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။ ယခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ဆောင်ပုဒ်မှာ Stop AIDS.Keep the Promise. "Avoid Stigma and Discrimination: Access to Services for Everyone"- မြန်မာလို

'အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့
ခွဲခြားမှုကို ရှောင်ကြဉ်လို့
အားလုံးပူးပေါင်းဆောင်ရွက်စို့' ဖြစ်သည်။

ယခုနှစ်ဆောင်ပုဒ်တွင် မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ အေအိုင်ဒီအက်စ် ရောဂါစွဲကပ်၍ ကျန်းမာရေးသုခသုံးပါးဆုံးရှုံးကာ အားငယ်နေသူများအား လူသားချင်းစာနာထောက်ထား၍ ကိုယ်နှုတ်နှလုံးဖြင့် ခွဲခြားမှု၊ နှိမ့်ချမှု၊ ပစ်ပယ်မှုကို ရှောင်ကြဉ်ကာ ပြုစုကုသမှုအရပ်ရပ်ကို ၎င်းတို့အားလုံး လက်လှမ်းမီနိုင်ရေးအတွက် အယုတ်အလတ်အမြတ်မရွေး ဝိုင်းဝန်းဖေးမ လက်တွဲကူညီပံ့ပိုးဆောင်ရွက်ပေးကြရန် ဆော်ဩထားသည်ကို မြင်တွေ့နိုင်သည်။

မျက်မှောက်ကာလ ကမ္ဘာ့ HIV/AIDS ရောဂါအခြေအနေ

၂၀၀၉ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့တွင် ဂျီနီဗာနှင့် ပါရီမြို့တို့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ UNICEF နှင့် HIV/AIDS ဆိုင်ရာ ကုလသမဂ္ဂ ဆက်စပ်အစီအစဉ် Joint United Nations Programme on HIV/AIDS (UNAIDS) တို့၏ ပူးတွဲအစီရင်ခံစာတစ်ခု၌ HIV/AIDS ဆိုင်ရာ ကမ္ဘာ့လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၏ ပကတိအနေအထားအား ဖော်ပြထားသည်ကို ဖတ်ရှုလိုက်ရသည်။ ထိုအစီရင်ခံစာအရ ကမ္ဘာတွင် ဝင်ငွေနည်း လူတန်းစားနှင့် ဝင်ငွေအလယ်အလတ် လူတန်းစားများ နေထိုင်ရာ နိုင်ငံများ၌ ၂၀၀၈ခုနှစ်အကုန်တွင် လူပေါင်း လေးသန်းကျော်သည် ART ဆေးဝါးများ စားသုံးခွင့်ရရှိလာကြောင်း၊ အဆိုပါ အရေအတွက်သည် တစ်နှစ်အတွင်း ၃၆ရာခိုင်နှုန်း တိုးတက်မှုရှိသလို ငါးနှစ်အတွင်း ၁၀ဆမျှ တိုးတက်မှုရှိကြောင်း ဖော်ပြပါရှိသည်။ ကျန်းမာရေး စောင့်ရှောက်မှုနယ်ပယ်များတွင် ကမ္ဘာ့လူသားများ HIV/ AIDS တားဆီးရေးဆိုင်ရာ အခြားရလဒ်များကိုလည်း ပိုမိုရရှိခဲ့ကြောင်း၊ ဥပမာ-ရောဂါရှာဖွေစစ်ဆေးမှု၊ သွေးစစ်ဆေးမှု၊ နှစ်သိမ့်ဆွေးနွေးမှု၊ မိခင်မှသန္ဓေသား HIV/ AIDS ကူးစက်ခြင်း တားဆီးမှု စသည့်ရလဒ်များပင်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာဂရက်ချန်းက AIDS တားဆီးရေး အောင်မြင်မှုရလဒ်များနှင့် အားနည်းချက်များကို ဒွန်တွဲထုတ်ဖော်ပြောဆိုခဲ့သည်။ ၎င်းက ဤအစီရင်ခံစာသည် HIV/ AIDS တားဆီးရေးနှင့် ရောဂါကို တုံ့ပြန်ရေးဆိုင်ရာ ကမ္ဘာတစ်ခွင် အလွန်ကြီးမားသော အောင်မြင်မှုကို ဖော်ညွှန်းနေပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ ဆောင်ရွက်စရာတွေ ရှိပါသေးသည်။ ရောဂါသည်နှင့်အတူ နေထိုင်ကြသူ အနည်းဆုံး ငါးသန်းကျော်တို့သည် ဆက်လက် အသက်ရှည်ရှင်သန်ရေးအတွက် ဆေးဝါးနှင့် ပြုစုမှုမရရှိကြကြောင်း၊ ရောဂါတားဆီးရေးလုပ်ငန်းများသည် လိုအပ်လျက်ရှိသူအများအပြားထံ မရောက်ရှိကြကြောင်း၊ အစိုးရများနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်သူများသည် မိမိတို့၏ ကြိုးပမ်းမှုများကို အရှိန်အဟုန်ပိုမိုမြှင့်တင်ရမည်ဖြစ်ကြောင်းစသည်ဖြင့် အကောင်းနှင့်အဆိုးကို ခွဲခြားပြောကြားခဲ့သည်။

ယခုနှစ်များတွင် အသုံးများသော ART ဆေးဝါးဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့သဖြင့် ပိုမိုတွင်ကျယ်စွာ ကာကွယ်ကုသနိုင်ခဲ့သည်။ ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ရှေးဦးကုထုံးဆေးဝါး (First-line regimens drugs) များ ၁၀ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းအထိ ဈေးကျခဲ့သော်လည်း ဒုတိယတန်းကုထုံး (Second-line regimens drugs) ဆေးဝါးများ ဆက်လက်၍ ကုန်ကျစရိတ်မြင့်မားနေဆဲဖြစ်သည်ဟု အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

ရောဂါစမ်းသပ်ရှာဖွေခြင်း၊ သွေးစစ်ခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း

၂၀၀၇ခုနှစ်နှင့် ၂၀၀၈ခုနှစ်များအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အစီရင်ခံခဲ့သည့် အဖွဲ့ဝင် ၆၆နိုင်ငံတို့မှ အစီရင်ခံစာများအရ သွေးစစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း ဆောင်ရွက်မှုများတွင် ၃၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရှိရသည်။ သွေးစစ်ခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ ဆောင်ရွက်ပေးသူများရော ခံယူသူများပါ များပြားလာသဖြင့် ၂၀၀၇ခုနှစ်နှင့် ၂၀၀၈ခုနှစ်များတွင် အရေအတွက် နှစ်ဆတိုးတက်လာကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖွဲ့စည်းသတ်မှတ်ဒေသ (Regions) အားလုံး၌ ၂၀၀၈ ခုနှစ်အတွင်း သွေးစစ်ခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းအားလုံး၏ ၉၃ရာခိုင်နှုန်းကို အစိုးရကျန်းမာရေးဌာနများမှ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။ ရောဂါရှိသူနှင့် အတူနေအများစုသည် မိမိတို့၌ ရောဂါကူးစက်ခံရမှု ရှိမရှိ မသိရှိရကြောင်း၊ လူအများက စက်ဆုပ်ရွံရှာ ပစ်ပယ်မည်ကို စိုးရိမ်၍ အစစ်အဆေး မခံကြကြောင်း ဝမ်းနည်းဖွယ်ရာ သိရှိရသည်။

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး
(အငြိမ်းစား ပြည်နယ်ဆေးရုံအုပ်ကြီး)

အမျိုးသမီးများနှင့် ကလေးသူငယ်များ

၂၀၀၈ခုနှစ်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် HIV/ AIDS တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုလက်လှမ်းမီလာသည်ကို တွေ့ရှိရသည်။ မိခင်မှ ရင်သွေးသို့ ရောဂါကူးစက်မှု တားဆီးရေး (Prevention of Mother to Child Transmission-PMCT) ဆိုင်ရာ ART ကုထုံးကို မိခင်လောင်းများသည် ၂၀၀၈ခုနှစ်တွင် ၄၅ရာခိုင်နှုန်း ရရှိခဲ့ကြသည်။ ၂၀၀၇ခုနှစ်တွင်မူ ၃၅ရာခိုင်နှုန်းသာရှိခဲ့ပြီး ဝင်ငွေနည်းပါးသော တိုင်းပြည်များနှင့် ဝင်ငွေအလယ်အလတ်ရှိ တိုင်းပြည်များတွင် ၂၀၀၇ခုနှစ်တွင် ၁၅ရာခိုင်နှုန်းသာ ရှိခဲ့သည်ဟုလည်း ဖော်ပြထားသည်။

ART ကုသမှုခံယူသူ အသက် ၁၅နှစ်အောက် ကလေးသူငယ်များ ၂၀၀၇ခုနှစ်တွင် ၁၉၈၀၀၀ခန့် ရှိခဲ့ရာမှ ၂၀၀၈ခုနှစ်တွင် ၂၇၀၀၀၀ကျော် တိုးတက်ခံစားခွင့် ရရှိခဲ့သည်။ ကမ္ဘာနှင့်အဝန်း မျိုးဆက်ပွားအရွယ် အမျိုးသမီးများ သေဆုံးမှု၏ အဓိကအကြောင်းရင်းသည် ဆက်လက်၍ AIDS ရောဂါသာ ဖြစ်နေကြောင်း ဖော်ပြထားသည်။

"ကမ္ဘာနှင့်ချီ၍ HIV/ AIDS တားဆီးတိုက်ဖျက်ရေး ကိစ္စရပ်များတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် တိုး၍တိုး၍ အလေးအနက်ထားကာ ဆောင်ရွက်နေကြသော်လည်း ၎င်းတို့၏ ကျန်းမာရေး၊ ဘဝရှင်သန်လုပရေးနှင့် အသက်ဆက်လက်ရှင်သန်ရေးကို HIV / AIDS က ဆိုးရွားသော အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။" ဤသည်ကား UNICEF ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး VENEMAN ၏ အာဘော်ပင်ဖြစ်သည်။

AIDS ဖြစ်နိုင်ခြေ ဘေးအန္တရာယ်အများဆုံးရှိ အုပ်စုများ

၂၀၀၈ခုနှစ်တွင် လိင်ကိစ္စဖြင့် စီးပွားရှာသူများ၊ လိင်တူဆက်ဆံသူ အမျိုးသားများနှင့် မူးယစ်ဆေးဝါး အကြောထဲထိုးသွင်းသူများစသည့် အုပ်စုများတွင် HIV တားဆီးရေးဆိုင်ရာအသိပညာ ပိုမိုများပြားလာသည့်အပြင် ပြုစုကုသမှုခံယူသူဦးရေလည်း တိုးပွားလာကာ ပြုစုကုသမှုကို ပိုမိုလက်လှမ်းမီလာသည်ကို မြင်တွေ့ရသည်။ HIV တားဆီးရေး အစီအမံများ ကျယ်ပြန့်လာသော်ငြားလည်း နည်းပညာဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာ၊ လူမှုယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာ ကန့်သတ်ချက်ဆိုင်ရာ အဟန့်အတားများသည် ယင်းတို့အတွက် ပေးဆောင်နေသည့် စောင့်ရှောက်မှုများနှင့် ဝေးကွာစေလျက်ရှိနေသည်။ ယင်းအုပ်စုများအတွက် ကုလသမဂ္ဂ UNAIDS အဖွဲ့ အမှုဆောင်ဒါရိုက်တာ Michel Sidible က "ကုသမှုခံယူရန် လူအရေအတွက် နှစ်စဉ်လျင်မြန်စွာ တိုးပွားလာနေသည်။ အားလုံးအတွက် မီလှမ်းနိုင်သည့် တူညီသော ရပိုင်ခွင့်များရရှိရေး၊ အသံမဲ့သူများ၏အသံသဖွယ် UNAIDS က ကိုယ်စားပြုကာ ဆက်လက်ကြွေးကြော်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ AIDS ဘေးအန္တရာယ်အများဆုံး ရင်ဆိုင်နေရသူများ၊ ယင်းတို့၏ မိသားစုဝင်များ၊ ပတ်ဝန်းကျင်ရှိ လူမှုရေးနယ်ပယ်အသီးသီးမှ ထိစပ်နေသူများ၏ အကျိုးစီးပွားနှင့် ကုံလုံကြွယ်ဝမှု၊ ပျော်ရွှင်သာယာမှုအလို့ငှာ AIDS တားဆီးတိုက်ဖျက်ရေးဆိုင်ရာ လုပ်ဆောင်မှုများကို လက်လှမ်းမီစေရန် UNAIDS က ဇောက်ချဆောင်ရွက်သွားရန်ရှိကြောင်း" ဖွင့်ဟပြောဆိုခဲ့သည်။

မြန်မာနိုင်ငံအခြေအနေ

ဤကမ္ဘာလောကကြီးသည် "ကမ္ဘာရွာ" သဖွယ် ပြောင်းလဲကျဉ်းမြောင်းလာပြီး Globalization လည်း ကျယ်ပြန့်လာသည်နှင့်အမျှ မြန်မာနိုင်ငံသည်လည်း HIV /AIDS ၏ ဂယက်ရိုက်ခတ်မှုကို မလွဲမသွေ ခံစားလာခဲ့ရသည်။ ၁၉၈၁ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ တွေ့ရှိခဲ့ပြီး လျင်မြန်စွာ ကူးစက်ပျံ့နှံ့ကာ ယနေ့ ကမ္ဘာအနှံ့အပြားတွင် လူသန်းပေါင်းများစွာ သေကျေပျက်စီးစေလျက်ရှိသည့်အပြင် လူမှုစီးပွားအခန်းကဏ္ဍကိုပါ ပျက်သုဉ်းစေလျက်ရှိသည့် ကပ်ရောဂါပင်ဖြစ်သည်။ နိုင်ငံတော်သည် HIV/AIDS တားဆီးတိုက်ဖျက်ရေးအပါအဝင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး လူမှုရေးဦးတည်ချက်ဖြင့် နိုင်ငံသားအားလုံး သက်တမ်းစေ့နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်တို့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက "မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်" နှစ် ၃၀ နှစ်ရှည် စီမံကိန်း ၂၀၀၁-၂၀၃၀ အပါအဝင် နှစ်တိုနှစ်ရှည် စီမံကိန်းစီမံချက်အများအပြားကို ဖော်ဆောင်လျက်ရှိသည်။

၁၉၈၅ခုနှစ်မှစတင်၍ HIV/AIDS ရောဂါ ကာကွယ်တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လေ့လာမှုများနှင့် ၁၉၈၉ခုနှစ်တွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာနခွဲအောက်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးစီမံချက်ကို ဖွဲ့စည်းအကောင်အထည်ဖော်ခဲ့သည်။ ၂၀၀၀ပြည့်နှစ်မှစတင်၍ မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ်တွင် ပြည်သူလူထုအခြေပြု မြို့နယ် ၁၉ မြို့နယ်နှင့် ဆေးရုံအခြေပြု ဆေးရုံကြီး ၁၇ရုံတို့တွင် အောင်မြင်စွာ စတင်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၁ခုနှစ်မှစတင်၍ ဦးတည်အုပ်စုများ၌ ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်တို့တွင် အရှေ့တောင်အာရှနိုင်ငံများ၌ တစ်မူထူးခြားသည့် မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့် HIV /AIDS ရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုပြပွဲများကို ခင်းကျင်းပြသနိုင်ခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ပိုးမွှားကင်းစင်သော သွေးရရှိရေးအတွက် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ခဲ့ရာ ယနေ့မြို့နယ်ပေါင်း ၃၂၄ မြို့နယ်တို့တွင် HIV Test Kit များသုံးစွဲလျက် ရှိသည်။ ART ဆေးတိုက်ကျွေးခြင်းကို ရန်ကုန် ဝေဘာဂီအထူးကုဆေးရုံကြီး၊ မင်္ဂလာဒုံအထူးကုဆေးရုံကြီး အပါအဝင် ပြည်နယ်/တိုင်းဆေးရုံကြီးများတွင် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အိမ်တွင်းစောင့်ရှောက်မှုလုပ်ငန်းများနှင့် နှစ်သိမ့်ဆွေးနွေးခြင်း လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။ မူးယစ်ဗဟို MANA/UNDOC စသည်တို့နှင့်လည်းကောင်း၊ နယ်ခြားထိစပ်နေသော ထိုင်းနှင့် အခြားသော အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဒေသမြို့နယ်များတွင် ၂၀၀၀ပြည့်နှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်နေသည်။ ပညာပေးလုပ်ငန်းများကို ဗဟိုကျန်းမာရေးပညာဌာနနှင့် နီးနွယ်ဌာန/အဖွဲ့အစည်းများ၊ INGO/NGO များက ဆောင်ရွက်နေသလို စာသင်ကျောင်းအားလုံးတွင်လည်း ဘဝအတွက်တာသိမှတ်စရာသင်ရိုးအဖြစ် HIV/AIDS ပညာပေးသင်ခန်းစာများလည်း သင်ကြားပေးလျက်ရှိသည်။ အထက်ဖော်ပြပါလုပ်ငန်းများအပါအဝင် ကျန်းမာရေးဌာနက ကာလသားရောဂါ စောစီးစွာ ရှာဖွေကုသရေး၊ ဝေဒနာခံစားနေရသူများအား ကုသပြုစုရေး၊ ကျန်းမာရေးဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ရေးစသည့် လုပ်ငန်းကြီး(၁၀)ရပ်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းပြီး ပြည်သူအားလုံး HIV/AIDS ဆိုင်ရာ ပြီးပြည့်စုံသော ကာကွယ်ကုသစောင့်ရှောက် ပံ့ပိုးကူညီဆောင်ရွက်မှုလုပ်ငန်းများကို ၂၀၁၀ခုနှစ်တွင် လူတိုင်းလက်လှမ်းမီရရှိရေး (Universal Access to Comprehensive HIV Prevention and Care by 2010) ရည်မှန်းချက်ပြည့်မီစေရန်လည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကြိုးစားအားထုတ်ဆောင်ရွက်မှုများကြောင့် ရရှိခဲ့သည့် အောင်မြင်မှုကို တင်ပြရမည်ဆိုလျှင် ၂၀၀၅ခုနှစ် စက်တင်ဘာလတွင် UNAIDS/ WHO တို့မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ မြန်မာပြည်၌ ၂၀၀၀ပြည့်နှစ်တွင် HIV ဖြစ်ပွားမှု ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ခုနှစ်၌ ၁ ဒသမ ၃ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၂၀၀၇ခုနှစ်တွင် ၀ ဒသမ ၆၇ ရာခိုင်နှုန်းအထိ ထပ်မံလျော့ကျခဲ့ကြောင်း ကမ္ဘာကို ထုတ်ဖော်ပြသနိုင်ခဲ့သည်ကိုတင်ပြရင်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်း သာမြဲသာဆဲ

နေပြည်တော် နိုဝင်ဘာ ၂၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ဒီဂရီစင်တီဂရိတ်စီနှင့် မင်းတပ်မြို့တွင် ၇ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၃၀ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

❒ *ရှေ့ဖုံးမှ*

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က ရုပ်/သံဖမ်းစက်နှင့် စလောင်းတပ်ဆင်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသည့် ရုပ်/သံ ဖမ်းစက်နှင့် စလောင်းများကို မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက ရုပ်/သံ ဖမ်းစက်နှင့် စလောင်းရရှိသော ကျေးရွာဥက္ကဋ္ဌများသို့ တစ်ဦးချင်းပေးအပ်သည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

ကျွန်တော်တို့အသင်း ကြိုးစားရဦးမယ် — ဖာဂူဆန်
အခွင့်အရေးတွေ ဖြုန်းတီးပစ်ခဲ့ကြတယ် — မာ့ခ်ဟုခ်ျ

☆ မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် နိုဝင်ဘာ ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၁၄)ကို နိုဝင်ဘာ၂၈ရက်က ဆက်လက်ယှဉ်ပြိုင်တဲ့အခါ နာမည်ကြီး မန်ယူတို့ ပို့စ်မောက်ကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲရရှိခဲ့ပေမယ့် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံထားတဲ့ မန်စီးတီးတို့ကတော့ ဟူးလ်စီးတီးကို တစ်ဂိုးစီ သရေပွဲဖြစ်အောင် ရုန်းကန်ခဲ့ရပါတယ်။

ဒါကြောင့် ပွဲကစားပြီးတဲ့အခါ မန်ယူနည်းပြ ဖာဂူဆန်နဲ့ မန်စီးတီးနည်းပြ မာ့ခ်ဟုခ်ျတို့ရဲ့ ပြောစကားတွေကို ဖော်ပြရမယ်ဆိုရင်–

ဖာဂူဆန်

"ဒီပွဲကတော့ထိုက်တန်တဲ့ရလဒ်ကို ကျွန်တော်တို့ ရရှိခဲ့တာပါပဲ။ ပို့စ်မောက် ဘောလုံးသမားတွေ ကြိုးစားခဲ့ကြပါတယ်။ သူတို့တွေ အရင်ပွဲစဉ်တွေကတည်းက ရလဒ်မကောင်းခဲ့တာမို့ ဒီပွဲမှာ ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ခဲ့တာ သိရတယ်။ ကျွန်တော်တို့ကတော့ ပြိုင်ပွဲကို အလေးထားယှဉ်ပြိုင်နေရတာမို့ ကြိုးစားပြီး ကစားစေခဲ့တာပါ။ အမှန်အတိုင်းပြောရရင် ကျွန်တော့်လူတွေ ဒီထက်ဂိုးရသင့်ပါတယ်။ ဂိုးသွင်းခွင့် အခွင့်အရေးတွေလည်း အများကြီးရခဲ့ပေမယ့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘူး။ ဂစ်ရဲ့ သွင်းဂိုးကတော့ တကယ့်ကို ရသမြောက်တဲ့ ဂိုးတစ်ဂိုးဖြစ်ခဲ့တာကတော့ သံသယဖြစ်စရာမရှိပါဘူး။

မန်စီးတီးနည်းပြ မာ့ခ်ဟုခ်ျ

လှုပ်လှုပ်ရှရှ

တကယ်ဆိုရင် ပရီမီယာလိဂ်ဖလားကာကွယ်ဖို့ ကျွန်တော့်လူတွေ ဒီထက်ကြိုးစားရဦးမှာပါ။ ပြီးခဲ့တဲ့နှစ်ကထက် တစ်ပွဲချင်းဂိုးသွင်းမှု နည်းနည်းကျဆင်းခဲ့ပေမယ့် ကျေနပ်စရာကောင်းတဲ့ အနေအထားတော့ ရှိနေပါတယ်။ ပို့စ်မောက်နဲ့ပွဲမှာလည်း ဒီထက်ကောင်းတဲ့ရလဒ်ပိုင်ဆိုင်သင့်တာပါ။ ကွင်းလယ်ကစားအားနဲ့ တိုက်စစ်အပိုင်းကို ပြုပြင်ရမယ့် အခြေအနေရှိပါတယ်။ ဒါကို ကျွန်တော်အမြန်ဆုံးဆောင်ရွက်သွားမှာပါ။ မန်ယူအသင်းအောင်မြင်မှု ဆက်တိုက်ရရေးအတွက် တချို့ ပုဂ္ဂိုလ်ရေးအပိုင်းတွေကို လှုပ်လှုပ်ရှရှမှာ ဖြစ်ပါတယ်။

မန်ယူဟာ အမှန်အတိုင်း သုံးသပ်ရရင် လိုအပ်ချက်တွေ၊ ပြုပြင်မှုတွေ အများကြီးရှိနေပါသေးတယ်။ ဒါတွေကို ကျွန်တော် ဖြည်းဖြည်းချင်း ပြုလုပ်သွားမှာပါ။

ပို့စ်မောက်နဲ့ပွဲမှာ ကွင်းလယ်ကနေပြီး ပံ့ပိုးမှု အားနည်းလို့ ဆုံးရှုံးသွားရတဲ့ အခွင့်အရေးတွေလည်း မနည်းပါဘူး။ ဒီလိုပဲ တိုက်စစ်မှူးတွေနဲ့ တောင်ပံကစားသမားတွေရဲ့ လိုအပ်ချက်တွေလည်း များနေပါသေးတယ်။ ကျွန်တော်တို့ လက်ရှိအနေအထားထက် တိုးတက်အောင် ကြိုးစားရဦးမှာပါ။ ဒီပွဲရလဒ်ကိုတော့ ကျွန်တော် ကျေနပ်ပါတယ်" လို့ ဖာဂူဆန်က ပြောကြားသွားခဲ့ပါတယ်။

မန်စီးတီးနည်းပြ မာ့ခ်ဟုခ်ျ

"ဒီပွဲရလဒ်က မဖြစ်သင့်တဲ့ ရလဒ်လို့ ကျွန်တော်မြင်ပါတယ်။ ကွင်းလယ်ဒိုင်လူကြီးရဲ့ ပယ်နယ်တီပေးခွင့် ဆုံးဖြတ်ချက်ကိုလည်း နားမလည်အောင် ဖြစ်ရတယ်။

ဟူးလ်စီးတီးတို့ ဒီပွဲမှာ ကစားသွားတာ ကောင်းပါတယ်။ အမှားအယွင်း၊ အရှုံ့အကြောက်မရှိဘဲ ကစားနိုင်ကြတာမို့ အံ့သြစရာပါပဲ။ ကျွန်တော့်လူတွေက ပြိုင်ဘက်ကို နည်းနည်းလျှော့တွက်ပုံရတယ်။ အထူးသဖြင့် တိုက်စစ်မှူးတွေ အားမထည့်ဘူးဖြစ်နေတယ်။

မန်ယူနည်းပြ ဖာဂူဆန်

ဒီပွဲမှာ ဖြစ်သင့်တာက ကျွန်တော်တို့ သုံးမှတ်အပြည့် ရရှိရမှာပါ။ ဒါပေမယ့် ကျွန်တော့်လူတွေက အခွင့်အရေးတွေ ဖြုန်းတီးပစ်သလို ဖြစ်နေတာတွေ တွေ့ရတယ်။ ဒီလိုအခြေအနေမျိုးမှာ ကွင်းလယ်ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်တွေကလည်း သံသယဖြစ်စရာ ကောင်းနေတာမို့ ကျွန်တော်တို့ တစ်မှတ်ရအောင် ကြိုးစားခဲ့ရတာပါပဲ" ဟု မန်စီးတီးနည်းပြ မာ့ခ်ဟုခ်ျက ဖွင့်ဟ ပြောကြားသွားပါကြောင်း။ ။

ကိုးကား–အင်တာနက်

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ ဒဏ်ရာကြောင့် ငါးလကြာအနားယူရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၉

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် ခြေပွတ်တိုင်အကြောပြတ်သွား၍ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် ငါးလကြာအနားယူရဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားသည်။

ကာလရှည်ကြာ

အသက် ၂၆နှစ်ရှိ ဗန်ပါစီသည် နိုဝင်ဘာ ၁၄ရက်က နယ်သာလန်အသင်းအတွက်ကစားပေးစဉ် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကနဦးက ခြောက်ပတ်ခန့် အနားယူရဖွယ်ရှိကြောင်း ခန့်မှန်းထားခဲ့သော်လည်း အခြေအနေ ဆိုးရွားသဖြင့် ကာလရှည်ကြာစွာ အနားယူရဖွယ်ရှိသည်။

ပြန်မကစားနိုင်

၎င်းသည် ယခုနှစ်ဘောလုံးရာသီအတွင်း ပြိုင်ပွဲပေါင်း ၁၅ပွဲကစားခဲ့ရာတွင် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် အစောဆုံး မတ်လကုန်အထိတိုင်အောင် ပြန်ကစားနိုင်ဖွယ်မရှိကြောင်း ကလပ်၏ကြေညာချက်၌ ဖော်ပြသည်။ **(အင်တာနက်)**

အာဂျင်တီးနားတင်းနစ်ကစားသမား ပိုထရို ကမ္ဘာ့ချန်ပီယံဖလား ဗိုလ်လုပွဲသို့တက်ရောက်

လန်ဒန် နိုဝင်ဘာ ၂၉

ယူအက်စ်အိုးပင်း ချန်ပီယံ ဂျူအန်မာတင်ဒယ်ပိုထရိုသည် လန်ဒန်မြို့ အိုတူးအားကစားကွင်းကြီး၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့တင်းနစ်ချန်ပီယံပြိုင်ပွဲတွင် ရိုဘင်ဆိုဒါလင်းအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

တက်ရောက်

ဒယ်ပိုထရိုသည် ရိုဘင်ဆိုဒါလင်းအား ၆-၇ (၁-၇)၊ ၆-၃၊ ၇-၆ (၇-၃) ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဆိုဒါလင်းသည် ရာဖေးလ်နာဒယ်အား အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲ တက်ရောက်လာသူဖြစ်သည်။

ဆွတ်ခူးနိုင်

ဒယ်ပိုထရိုသည် အဆိုပါ ကမ္ဘာ့ချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲသို့ ပထမဆုံး တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဗိုလ်လုပွဲတွင် ဖလားဆွတ်ခူးနိုင်ပါက လေးလုံးမြောက် ဂရင်းဆလမ်ဖလားအဖြစ် ဆွတ်ခူးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**



ကာလင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်များ မန်ယူနှင့်စပါး၊ မန်စီးတီးနှင့်အာဆင်နယ်တွေ့

လန်ဒန် နိုဝင်ဘာ ၂၉

ကာလင်းဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁ရက် (မြန်မာစံတော်ချိန် ဗုဒ္ဓဟူးနေ့ နံနက် ၂နာရီ မိနစ်၃၀) **တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ လက်ရှိချန်ပီယံ မန်ယူ** (အပေါ်ပုံ)**က စပါးအသင်းကို အိမ်ကွင်း၌ လက်ခံကစားမည်ဖြစ်သည်။ မန်စီးတီးအသင်းက အိမ်ကွင်း၌ အာဆင်နယ်ကို လက်ခံကစားမည်ဖြစ်သည်။**

ချယ်လ်ဆီးအသင်းက ဘလက်ဘန်းကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံးရောက် ပို့စ်မောက်က အိမ်ကွင်းဖရတ်တွန်ပတ်၌ အက်စ်တွန်ဗီလာအသင်းကို လက်ခံကစားမည်ဖြစ်သည်။

စိတ်ဝင်စားဖွယ်

မန်ယူနှင့်စပါးတို့သည် ပြီးခဲ့သည့်နှစ် ကာလင်းဖလားဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ကြရာ မန်ယူက ပယ်နယ်တီဖြင့်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့နှစ်သင်း၏ အားပြိုင်မှုမှာ ပရီမီယာလိဂ်ဘောလုံးပရိသတ်များအတွက် စိတ်ဝင်စားဖွယ် ပြိုင်ပွဲတစ်ရပ်ဖြစ်လာဖွယ်ရှိဖြစ်သည်။

(အင်တာနက်)

တိုက်စစ်မှူးမာတင် နှစ်ကူးကာလအထိ ပြိုင်ပွဲနှင့်လွဲချော်ဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၉

နိုင်ဂျီးရီးယားနှင့် ဝုဘတ်တိုက်စစ်မှူး အိုဘာဖေးမီမာတင်သည် ညှို့သကျည်းဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်၍ နှစ်သစ်ကူး ပြီးစီးသည့်တိုင်အောင် ပြိုင်ပွဲများနှင့်လွဲချော်ဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားသည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ပေါင်သန်း၅၀ပေး၍ မန်ယူခေါ်ယူမည်

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ပေး၍ ခေါ်ယူရန်မန်ယူကြိုးစားနေကြောင်း၊ သဘောတူစာချုပ်ရန် နီးစပ်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၉ရက်၌ မန်ယူက သတင်းထုတ်ပြန်သည်။

လီဗာပူးတိုက်စစ်မှူးတောရက်စ်အား မန်စီးတီး ခေါ်ယူရန်ဆွေးနွေးနေ

မန်စီးတီးကလပ်က လီဗာပူးတိုက်စစ်မှူး တောရက်စ်အား လာမည့်အပြောင်းအရွှေ့ကာလ၌ ပြောင်းရွှေ့ကြေး ပေါင် သန်း ၅၀နှင့် နောက်ထပ်ကစားသမားတစ်ဦးအလိုက်ပေးကာ ခေါ်ယူမည်ဖြစ်ကြောင်း၊ ဆွေးနွေးမှုများပြုလုပ်နေကြောင်း လီဗာပူးကလပ်က နိုဝင်ဘာ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ဒီဖိုးအား ဘာစီလိုနာကခေါ်ယူရန်စောင့်ကြည့်

အင်္ဂလန်နှင့် စပါးတိုက်စစ်မှူး ဒီဖိုးအား ဘာစီလိုနာကခေါ်ယူရန် ပစ်မှတ်ထားစောင့်ကြည့်နေကြောင်း ဘာစီလိုနာကလပ်က နိုဝင်ဘာ ၂၉ရက်၌သတင်းထုတ်ပြန်သည်။

လီဗာပူးတိုက်စစ်မှူး ဘာဘယ် ဘိုင်ယန်မြူးနစ်သို့ အငှားချထားမည်

လီဗာပူးတိုက်စစ်မှူး ဘာဘယ်အား ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်သို့ ပေါင်ကိုးသန်းဖြင့် အငှားချထားရန် စီစဉ်နေကြောင်း လီဗာပူးကလပ်က နိုဝင်ဘာ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ဆီဗီလာကွင်းလယ်ကစားသမား ပီရော့တီအား မန်စီးတီးက ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ပေး ကမ်းလှမ်း

ဆီဗီလာအသင်းမှ အာဂျင်တီးနား ကွင်းလယ်ကစားသမား ပီရော့တီအား ပြောင်းရွှေ့ကြေး ပေါင်သန်း၂၀ပေးမည်ဟု ကမ်းလှမ်းထားကြောင်း မန်စီးတီးကလပ်က နိုဝင်ဘာ ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

မန်ယူကွင်းလယ်ကစားသမားအား နယူးကာဆယ်က ခေါ်ယူရန်ဆွေးနွေး

နယူးကာဆယ်အသင်းသည် မန်ယူအသင်းမှ အသက် ၂၀အရွယ် ကွင်းလယ်ကစားသမား တွမ်ကလဲဗာလေးအား ခေါ်ယူရန် ဆွေးနွေးနေကြောင်း နယူးကာဆယ်နည်းပြ ဟုဂ်တန်က နိုဝင်ဘာ ၂၉ ရက်၌ ပြောကြားသည်။

ဒီဂိုဖော်လန် ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်လို

မန်ယူတိုက်စစ်မှူးဟောင်း ဖော်လန်က မိမိသည် ပရီမီယာလိဂ်သို့ ပြန်လည်လာရောက် ကစားလိုကြောင်း နိုဝင်ဘာ ၂၉ရက်၌ ထုတ်ဖော်ပြောကြားသည်။

တိုက်စစ်မှူး အဂူယာရိအား ချယ်လ်ဆီးအသင်းခေါ်ယူရန်ကြိုးစားနေ

လန်ဒန် နိုဝင်ဘာ ၂၉

အာဂျင်တီးနားတိုက်စစ်မှူး အဂူယာရိအား ချယ်လ်ဆီးက ခေါ်ယူရန်ကြိုးစားနေသော်လည်း အက်သလက်တီကို မက်ဒရစ်မှ မထွက်ခွာလိုကြောင်း၊ ၎င်းကလပ်၌သာ ဆက်လက်ကစားလိုကြောင်း အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြောကြားသည်။



တိုက်စစ်မှူး အဂူယာရိ

အားထားရ

အဆိုပါတိုက်စစ်မှူးအား ချယ်လ်ဆီးက ပေါင်သန်း ၁၀၀ပေး ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း၊ တိုက်စစ်မှူး အဂူယာရိသည် အသင်းအတွက် အားထားရသော အဓိကတိုက်စစ်မှူးဖြစ်ပြီး အဆုံးအဖြတ်ဂိုးများ သွင်းယူပေးနိုင်သူဖြစ်သည်။

အဂူယာရိသည် ၂၀၀၆ခုနှစ်က အက်သလက်တီကိုမက်ဒရစ်သို့ အင်ဒီပင်းဒင့်အသင်းမှပြောင်းရွှေ့လာပြီး ပွဲပေါင်း ၃၇ပွဲ ပါဝင်ကစားခဲ့ပြီး ၁၇ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ၁၁ပွဲ ပါဝင်ကစားခဲ့ပြီး လေးဂိုးသွင်းယူပေးထားပြီးဖြစ်သည်။ **(အင်တာနက်)**

အာကာကျော် – စုစည်းရေးသားသည်

အခြေခံပညာဆရာ ဆရာမများ အင်္ဂလိပ်စာနှင့်သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေး တိုင်းအဆင့် မွမ်းမံသင်တန်းများဖွင့်

ပုသိမ် နိုဝင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပုသိမ်တက္ကသိုလ်နှင့် ဧရာဝတီတိုင်း ပညာရေးမှူးရုံးတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် တိုင်းအတွင်း အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှု စွမ်းရည်မြင့်မားရေး တိုင်းအဆင့်မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** တာဝန်ခံပါမောက္ခချုပ် ဦးလှတင့်က သင်တန်းအတွက် စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ တိုင်းပညာရေးမှူး ဦးခင်မောင်ရီက သင်တန်းစည်းကမ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၅၂၀တို့ တက်ရောက်ကြသည်။

ဖွင့်လှစ်

အဆိုပါတိုင်းအဆင့် ဘာသာရပ်မွမ်းမံသင်တန်းကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

(တိုင်းပညာရေး)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော လေးခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီး၍ ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်စောမြတ်မွန်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာအခြေခံ သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁၂)သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက်၉နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ချီးမြှင့်

*သင်တန်းတွင် ပထမဆုကို ဒေါ်အေးသဇင်ဟန် (အကြီးတန်းစာရေး၊ မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး)၊ ဒုတိယဆုကို ဒေါ်ဝေဝေနွယ်ထွန်း (အငယ်တန်းစာရေး၊ အောင်ဘာလေသိန်းဆုဌာနခွဲရုံး)နှင့် တတိယဆုကို ဦးသိန်းဝင်းနိုင်(လက်ထောက်ဦးစီး၊ ဧရာဝတီတိုင်း အခွန်ဦးစီးဌာနမှူးရုံး)တို့က ရရှိကြပြီး ဆုရရှိကြသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)***

အဆိုပါသင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ဘဏ္ဍာ/အခွန်)

တာမွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေနှင့် ပညာသင်စရိတ်ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တာမွေမြို့နယ် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်(၇၅)နှစ်ပြည့်ပြီးသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀နာရီက တာမွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

အခမ်းအနားတွင် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦး၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)ကလည်းကောင်း၊ အသက်(၇၅)နှစ်ပြည့်ပြီးသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခြောက်ဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမော်မြင့်(ငြိမ်း)တို့က ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စစ်မှုထမ်းဟောင်း)

စာပေဟောပြောပွဲ မူဆယ်မြို့၌ကျင်းပ

မူဆယ် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၂၃ရက် ည၇နာရီက စာပေဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး စာပေဟောပြောပွဲဖြစ်မြောက်ရေးအဖွဲ့မှ ဦးသန်းလွင်(သိန်းဇော်-ရွှေလီဦး)က စာပေဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ အကြည်တော်နှင့် ချစ်ဦးညိုတို့က ဟောပြောကြသည်။

ဆက်လက်၍ စာရေးဆရာအဖွဲ့သည် မူဆယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ယင်းနေ့နံနက်ပိုင်းက စာပေရေးရာများဟောပြောခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစိန်ညွန့်၊ အထက(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်ကျော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လမ်းပိတ်ဆောက်ထား ဂိုဒေါင်အား ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့ ကျွန်စစ်သားအိမ်ရာ တိုက်(၃)အရှေ့ စည်ပင်သာယာပိုင်မြေကွက်ပေါ်တွင် လုပ်ငန်းရှင်တစ်ဦးက လမ်းပိတ်ပြီး ဂိုဒေါင်ဆောက်ကာ စက်ရုံအလုပ်ရုံများမှဖြတ်စသုပ်စများ ဝယ်ယူသိုလှောင်ထားသဖြင့် မီးဘေးစိုးရိမ်ရသည့်အပြင် ဖြတ်စသုပ်စများအား လမ်းမပေါ်တွင် နေလှန်းခြင်းပြုလုပ်နေသဖြင့် လမ်းပိတ်ဆို့လျက်ရှိရာ သက်ဆိုင်ရာမှဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ရပ်ကွက်အတွင်းမှ ဘိလပ်မြေဂိုဒေါင် ပြောင်းရွှေ့ပေးစေချင်

စာတည်းရှင့်-

ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ဈေးတန်းလမ်းမပေါ်ရှိ လူနေရပ်ကွက်အတွင်းမှ ဘိလပ်မြေဂိုဒေါင်တွင် နေ့စဉ်လိုလို ဘိလပ်မြေအိတ်များ အတင်အချပြုလုပ်လျက်ရှိရာ ရပ်ကွက်အတွင်းရှိ ပြည်သူများ ဘိလပ်မြေအမှုန့်များကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် ထိုဘိလပ်မြေဂိုဒေါင်ကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ယာဉ်ရပ်နားစခန်းအနီး ရေမြောင်းဖုံးများ ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်စေတီတော် ယာဉ်ရပ်နားစခန်းအဝင်မှ ရေမြောင်းဖုံးများ၏ သံချောင်းများသည်ပျက်စီးနေပြီး ထိုးထိုးထောင်ထောင်ဖြစ်နေသောကြောင့် ဘုရားဖူးများထိခိုက်ခြင်းနှင့် ယာဉ်များပျက်စီးခြင်းများ မကြာခဏဖြစ်လေ့ရှိရာ ပြုပြင်ပေးပါရန်တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

တောင်ငူမြို့ ဓာတုကလျာလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

တောင်ငူမြို့ (၁၁)ရပ်ကွက် ကန်တော်ကြီးကန်ပတ်လမ်းဖြစ်သည့် ဓာတုကလျာလမ်းသည် လူသွားလူလာနှင့် ယာဉ်အသွားအလာများသည့် လမ်းတစ်လမ်းဖြစ်ပြီး ချိုင့်ခွက်များဖြစ်ကာ ပျက်စီးနေသည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်နေပြီဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

မောင်စေတနာ

အကြော်တဲ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ယုဇနဥယျာဉ်မြို့တော် အေဘာလောက်၊ ကံ့ကော်လမ်းနှင့် ငုဝါလမ်းထိပ်မှ အကြော်ဆိုင်သည် နံနက် ၅နာရီမှ ည ၉နာရီအထိ အကြော်ကြော်နေသဖြင့် အနီးပတ်ဝန်းကျင်မှ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အငွေ့အနံ့ကြောင့် ကျန်းမာရေးထိခိုက်နေရပါသဖြင့် အကြော်တဲအား လူနေရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အကြော်နံ့မခံနိုင်သူများ

ရေမြောင်းမှပိတ်ဆို့အမှိုက်များ ရှင်းလင်းပေးစေလို

စာတည်းရှင့်-

မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် သဇင်ရုံလမ်းရှိ ဆောက်လုပ်ရေးဝင်းနှင့် မီးသတ်ဝင်းအကြား လမ်းဘေးမြေကွက်လပ်တွင် အမှိုက်များစုပုံလျက်ရှိရာ အမှိုက်ပုံမှ အနံ့ဆိုးများနှင့် အမှိုက်များရေမြောင်းအတွင်း ပိတ်ဆို့နေပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ရပ်ကွက်အတွင်းမှ ကားဝပ်ရှော့ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

မွန်ပြည်နယ် မော်လမြိုင်မြို့ ဝွေးကုန်းကျေးရွာ ရပ်ကွက်(၁၂) ကော့ခနိလမ်းကြားရှိ လူနေအိမ်များအနီးတွင် ကားကြီးဝပ်ရှော့နှင့် ကားလေးဝပ်ရှော့တို့မှ မီးစက်အင်ဂျင်သံများ၊ ဆေးမှုတ်အနံ့များ၊ ဂဟေဆော်ညှော်နံ့များနှင့် ကားဘော်ဒီထုရိုက်သံများအပြင် စပါးကြိတ်စက်အင်ဂျင်စက်သံများ ဆူညံခြင်း၊ ကြိတ်ခွဲရာမှ ထွက်ပေါ်လာသော စပါးခွံအမှုန်အမွှားများကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ခြင်းတို့ကြောင့် အဆိုပါ လုပ်ငန်းများကို ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

သံဂဟေထုရိုက်သံ ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၉-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မူဆယ်မြို့ဈေးရပ်ကွက် မြို့ပတ်လမ်းနှင့်ရပ်ကွက်ရုံးလမ်းထောင့်ရှိ လူနေအိမ်တွင်ဖွင့်လှစ်ထားသော သံဂဟေအလုပ်ရုံမှ ထုရိုက်သံ၊ ကျောက်စက်တိုက်သံ၊ သံဖြတ်တောက်သံနှင့် မှုတ်ဆေးနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဖျာပုံ၌ ဆိုင်ခန်းများကျူးကျော်မှု ဆောင်ရွက်ပြီး

၁၂-၁၀-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဖျာပုံမြို့မဈေးကြီးကုန်ခြောက်တန်း၊ ငါးပုစွန်တန်းနှင့် အထည်ရောင်းချသည့်ဈေးသည်များသည် အခြားဆိုင်များ၏ မျက်နှာစာတွင် ကျူးကျော်ခင်းကျင်းရောင်းချနေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စင်ကာပူသမ္မတနိုင်ငံမှ ကမ်းလှမ်းလာသော Nanyang Technological University, National University of Singapore နှင့် Singapore Management University တို့မှ ပညာသင်ဆုများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများအား Nanyang Technological University, National University of Singapore နှင့် Singapore Management University တို့မှ Full-Time Undergraduate Degree Course အတွက် ပညာသင်ဆုများကို လျှောက်ထားရန် ကမ်းလှမ်းလာပါသည်။

၂။ ပညာသင်ဆုရရှိသူသည် ကျောင်းလခ၊ စားစရိတ်၊ သက်ဆိုင်ရာကျောင်းရှိ အဆောင်များတွင် နေထိုင်ခွင့် အသွားအပြန် လေယာဉ်စရိတ်နှင့် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၄၃၀၀ကိုပါ ရရှိမည်ဖြစ်ပါသည်။

၃။ အဆိုပါပညာသင်ဆုများ လျှောက်ထားနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ A.G.T.I ပထမနှစ် စာမေးပွဲတွင် ဘာသာရပ်အလိုက် တစ်နိုင်ငံလုံး အဆင့်(၁)မှ (၁၀)အတွင်း ရရှိခဲ့သူ၊ ကွန်ပျူတာ တက္ကသိုလ် ပထမနှစ်စာမေးပွဲတွင် တစ်နိုင်ငံလုံး အဆင့်(၁)မှ (၁၀)အတွင်း ရရှိခဲ့သူ အောက်ဖော်ပြပါ ကျောင်းသားကျောင်းသူများသည် ရေးဖြေနှင့် နှုတ်ဖြေအရည်အချင်းစစ်စာမေးပွဲများကို ဖြေဆိုကြရမည်ဖြစ်ပါသည်။

(က) မြို့ပြဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	I.H.C-26	မသော်တာထွန်း	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၂။	1G.C-2	မထက်အိမ့်မှူး	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
၃။	1G.C-1	မရှယ်ဇာမျိုးနိုင်	နည်းပညာတက္ကသိုလ်(မော်လမြိုင်)
၄။	1G.C-5	မကြူကြူခိုင်	နည်းပညာတက္ကသိုလ်(ပခုက္ကူ)
၅။	1G.C-2	မခင်ပပနိုင်	နည်းပညာတက္ကသိုလ်(မော်လမြိုင်)
၆။	I.H.C-1	မဇူဇေနှင်း	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၇။	1G.C-35	မဝင့်သီရိမော်	နည်းပညာတက္ကသိုလ်(သန်လျင်)
၈။	1G.C-4	မခိုင်ချစ်ချစ်ခင်	နည်းပညာတက္ကသိုလ်(ပုသိမ်)
၉။	1G.C-2	မမေဇင်အောင်	နည်းပညာတက္ကသိုလ်(မန္တလေး)
၁၀။	1G.C-1	မသူသူထက်	နည်းပညာတက္ကသိုလ်(ပခုက္ကူ)

(ခ) စက်မှုစွမ်းအားဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	I.H.MP-7	မောင်ကျော်ထက်အောင်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၂။	1G.MP-68	မဇင်မာဝင်း	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
၃။	1G.MP-110	မောင်ထွန်းဝင်းအောင်	နည်းပညာတက္ကသိုလ်(မန္တလေး)
၄။	1G.MP-1	မောင်ဖြိုးဝင်းထွဋ်	နည်းပညာတက္ကသိုလ်(သန်လျင်)
၅။	1G.MP-2	မောင်အာကာမင်း	နည်းပညာတက္ကသိုလ်(သန်လျင်)
၆။	1G.MP-41	မောင်သီဟထွန်း	နည်းပညာတက္ကသိုလ်(သန်လျင်)
၇။	1G.MP-17	မောင်သက်လွင်	နည်းပညာတက္ကသိုလ်(မအူပင်)
၈။	1G.MP-42	မောင်မျိုးသန့်ဦး	နည်းပညာတက္ကသိုလ်(မန္တလေး)
၉။	1G.MP-25	မောင်ဇေယျာထွဏ်း	နည်းပညာတက္ကသိုလ်(သန်လျင်)
၁၀။	I.H.MP-40	မောင်မင်းထိုက်အောင်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

(ဂ) CNC ဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	I.H.CNC-1	မောင်ဖြိုးကျော်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၂။	I.H.CNC-61	မမေဘရဏီစိမ်း	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၃။	1G.CNC-76	မခိုင်ခိုင်စိုး	နည်းပညာတက္ကသိုလ်(မုံရွာ)
၄။	1G.CNC-67	မောင်ကျော်ထွန်းဝင်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၅။	1G.CNC-23	မနန်းမွှေလျှန်း	နည်းပညာတက္ကသိုလ်(လားရှိုး)
၆။	1G.CNC-50	မောင်စိုင်းမွန်ထက်	နည်းပညာတက္ကသိုလ်(မုံရွာ)
၇။	1.CNC-2	မတင်နီလာဝင်း	နည်းပညာတက္ကသိုလ်(မအူပင်)
၈။	1G.CNC-20	မဝတ်ရည်မွန်	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
၉။	1G.CNC-60	မဖြူနှင်းဝေ	နည်းပညာတက္ကသိုလ်(မန္တလေး)
၁၀။	1G.CNC-59	မခိုင်ရွှေစင်	နည်းပညာတက္ကသိုလ်(ကျောက်ဆည်)

(ဃ) လျှပ်စစ်ဆက်သွယ်ဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	1GEC-1	မောင်ပြည့်သျှံအောင်	နည်းပညာတက္ကသိုလ်(ဟင်္သာတ)
၂။	1GEC-3	မချယ်ရီတင်	အစိုးရနည်းပညာကောလိပ်(ရွှေဘို)
၃။	1GEC-35	မပိုးအိစံ	နည်းပညာတက္ကသိုလ်(မန္တလေး)
၄။	1GEC-1	မအိမြတ်ငြိမ်း	နည်းပညာတက္ကသိုလ်(မော်ဘီ)
၅။	1GEC-34	မသန္တာနွယ်ထွန်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၆။	1GEC-4	မောင်ဖုန်းမြင့်ကို	ပြည်နည်းပညာတက္ကသိုလ်
၇။	1GEC-4	မနှင်းအိစန္ဒာလွင်	နည်းပညာတက္ကသိုလ်(မကွေး)
၈။	1GEC-120	မအေးမွန်ထူး	နည်းပညာတက္ကသိုလ်(မန္တလေး)
၉။	1GEC-7	မကြူကြူမင်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၁၀။	1GEC-39	မဝတ်မှုံကျော်	နည်းပညာတက္ကသိုလ်(မန္တလေး)

(င) လျှပ်စစ်စွမ်းအားဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	1GEP-5	မစုဝတ်ရည်နှင်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၂။	I.H.EP-3	မောင်ဇော်ဝင်းထွဋ်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၃။	1GEP-2	မောင်ဟိန်းဇော်ဝင်း	အစိုးရနည်းပညာကောလိပ်(ရွှေဘို)
၄။	1GEP-14	မခင်ငြိမ်းချမ်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၅။	1GEP-46	မခိုင်စုစုဝေ	နည်းပညာတက္ကသိုလ်(မန္တလေး)
၆။	1GEP-61	မမြင့်မြင့်အောင်	နည်းပညာတက္ကသိုလ်(မန္တလေး)
၇။	1GEP-44	မောင်သန့်စင်အောင်	နည်းပညာတက္ကသိုလ်(မန္တလေး)
၈။	1GEP-5	မမိုးသူ	နည်းပညာတက္ကသိုလ်(မုံရွာ)
၉။	1GEP-7	မငုဝါဝါမှူး	နည်းပညာတက္ကသိုလ်(မန္တလေး)
၁၀။	1GEP-54	မအေးငြိမ်းလှိုင်	နည်းပညာတက္ကသိုလ်(မန္တလေး)

(စ) စက်မှုအီလက်ထရွန်နစ် ဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	1GMC-60	မောင်ညီညီထွန်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၂။	I.H.MC-13	မယဉ်မြတ်ကျော်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၃။	1GMC-1	မောင်ထူးပြည့်မောင်	နည်းပညာတက္ကသိုလ်(မော်ဘီ)
၄။	1GMC-2	မစန်းယုမွန်	နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
၅။	1GMC-2	မဟန်နီဆု	နည်းပညာတက္ကသိုလ်(မကွေး)
၆။	1GMC-9	မောင်သက်နိုင်ဝင်း	နည်းပညာတက္ကသိုလ်(မော်ဘီ)
၇။	1GMC-1	မရွှေရည်ဝင်း	နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
၈။	1GMC-21	မသီတာအောင်	နည်းပညာတက္ကသိုလ်(မန္တလေး)
၉။	1GMC-55	မလှယမင်းထိုက်	နည်းပညာတက္ကသိုလ်(မန္တလေး)
၁၀။	I.H.MC-27	မောင်ထက်နိုင်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

(ဆ) သုတနည်းပညာဘာသာရပ်မှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	I.H.IT-3	မနွေးနွေးဝင်း	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၂။	1GIT-46	မညိုညိုမြင့်	နည်းပညာတက္ကသိုလ်(မော်လမြိုင်)
၃။	I.H.IT-4	မအေးမြတ်နိုး	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၄။	I.H.IT-34	မမေဇင်ဦး	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၅။	I.H.IT-5	မအေးအေးမော်	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
၆။	1GIT-4	မသူဇာမြင့်	နည်းပညာတက္ကသိုလ်(မိတ္ထီလာ)
၇။	1GIT-3	မသီတာဝင်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၈။	1GIT-16	မနဝါဝါလင်း	နည်းပညာတက္ကသိုလ်(မန္တလေး)
၉။	1GIT-1	မနန္ဒာမြတ်စိုး	နည်းပညာတက္ကသိုလ်(မော်လမြိုင်)
၁၀။	1GIT-82	မမြတ်ဟေမာန်ဝင်း	နည်းပညာတက္ကသိုလ်(သန်လျင်)

(ဇ) ကွန်ပျူတာတက္ကသိုလ်များမှ

စဉ်	ယခင်နှစ်ခုံအမှတ်	အမည်	ကျောင်းအမည်
၁။	၁-ကသန ၂	မောင်စိုးလင်း	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၂။	၁-ကသန ၄	မစုစုအောင်	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၃။	၁-ကသန ၁၅	မဝေနွယ်ထွန်း	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၄။	၁-ကသန ၃၃	မဆုသဒ္ဒါဦး	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၅။	၁-ကသန ၁၆၄	နော်ဂျက်ကလင်းညွန့်	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၆။	၁-ကသန ၁	မချူးသဥ္ဇာထွေး	ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)
၇။	၁-ကသန ၇၈	မနွေသီရိအောင်	ကွန်ပျူတာတက္ကသိုလ်(ဘားအံ)
၈။	၁-ကသန ၂၂	မဝတ်ရည်ပွင့်လှိုင်	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၉။	၁-ကသန ၁၆၈	မောင်ဝေဖြိုးအောင်	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
၁၀။	၁-ကသန ၃၉၀	မနှင်းဇာနည်ဖြိုးလှိုင်	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

၄။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုရန် အချိန်ဇယားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

နေ့စွဲ	ဖြေဆိုရမည့်ဘာသာရပ်	အချိန်	နေရာ
၅-၁၂-၂၀၀၉	သက်ဆိုင်ရာဘာသာရပ်	နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ	ရန်ကုန်နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်ရှိနည်းပညာတက္ကသိုလ်/ ကောလိပ်/သိပ္ပံများနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများအတွက်)
	အင်္ဂလိပ်စာ	မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီအထိ	မန္တလေးနည်းပညာတက္ကသိုလ် (အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ်/ ကောလိပ်/သိပ္ပံများနှင့် ကွန်ပျူတာတက္ကသိုလ် များမှ ကျောင်းသားကျောင်းသူများအတွက်)

၅။ အသေးစိတ်ကို သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
40KVA သို့မဟုတ် 50KVA မီးစက်နှစ်လုံး ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော 40KVA သို့မဟုတ် 50KVA မီးစက်နှစ်လုံးကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်။

(က) 40KVA သို့မဟုတ် 50KVA (၂) လုံး
(Brand New Generator Set)

၂။ တင်ဒါပေးသွင်းမှုကို ၁၁-၁၂-၂၀၀၉ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ တိုက်အမှတ် ၈၊ ပထမထပ်၊ ခေါင်းရင်းဘက်အခြမ်းဟုခေါ်တွင်သော တိုက်ခန်းကို မိမိတစ်ဦးတည်း တရားဝင် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုတ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံပြောဆိုလာသော ဒေါ်တင်နွဲ့ ၁၂/စခန(နိုင်) ၀၀၉၃၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရစရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A,H.G.P.,C.B.L.D.B.L., D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ် (၁၀/၁၂)ပထမထပ်(အေ-၅)
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၉၈၂၅၇၃၆၊ ၀၉-၅၀၇၀၆၇၇။

အမွေပြတ်ကြော်ငြာအား ပြန်လည်ရုပ်သိမ်းခြင်း

၇-၇-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မမိုးသက်သက်ထူး ၆/ထဝန(နိုင်) ၀၀၅၃၁၃ အားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာထားခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

မိခင် ဒေါ်ခင်မြင့်သန်း
၆/ထဝန(နိုင်)၀၀၅၃၁၁။

တာချီလိတ်နှင့်ကျိုင်းတုံ မီးသတ်စခန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိ တာချီလိတ်နှင့် ကျိုင်းတုံမြို့များရှိ မီးသတ်စခန်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းသို့ သွားရောက်၍ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တာချီလိတ်မြို့နယ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရုံးခေါင်ဆောက်လုပ်ရန် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

စံချိန်စံညွှန်း

ဆက်လက်၍ ကျိုင်းတုံမြို့နယ် ခေတ်မီနှစ်ထပ် မီးသတ်အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီသတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **(မီးသတ်ဦးစီးဌာန)**

ထန်းတပင်စည်ပင်သာယာ လမ်းပြုပြင်ရန် ကျောက်စုဆောင်း

ထန်းတပင် နိုဝင်ဘာ ၂၉

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ကညင်ပင် ကျောက်ချောလမ်းပြုပြင်ရန် ကျောက်စုဆောင်းထားရှိမှုကို နိုဝင်ဘာ ၂၆ရက်က ပဲခူးတိုင်း ညွှန်ကြားရေးမှူးဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းလတ်ဦးတို့က ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဆာအိုက်ဆက်နယူတန်

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

၂၅-၁၂-၁၆၄၂ - ၂၀-၃-၁၇၂၇

တိုး ရှာဖွေရေးသားသည်

သိပ္ပံပညာရှင်ကြီး ဆာအိုက်ဆက်နယူတန်ကို ၁၆၄၂ခုနှစ်က အင်္ဂလန်၌ မွေးဖွားသည်။ သူ့ကိုမမွေးဖွားမီ နှစ်လအလိုတွင် သူ့ဖခင် ကွယ်လွန်သည်။ သူသုံးနှစ်အရွယ်သို့ရောက်သောအခါ သူ့မိခင်မှာ နောက်အိမ်ထောင်ပြုသွားသဖြင့် အဘွားနှင့်နေထိုင်ခဲ့ရသည်။

ပါရမီရှင်တစ်ဦး

နယူတန်သည် မိသားစုစီးပွားရေးလုပ်ငန်းတွင် စိတ်မဝင်စား။ ထို့ကြောင့် သူ့ကို ကင်းဘရစ်ချ်တက္ကသိုလ်သို့ ပညာသင်စေလွှတ်သည်။ ထူးချွန်သည့် ကျောင်းသားတစ်ဦးဖြစ်သည်။ ပါရမီရှင်တစ်ဦး ဖြစ်သည်။ အသက် ၁၉နှစ်အရွယ် ကင်းဘရစ်ချ်တက္ကသိုလ်မတက်မီ မစ္စစတိုရီဆိုသူ အမျိုးသမီးနှင့် စေ့စပ်သေးသည်။ သူသည် စာပေတွင်သာ မွေ့လျော်နေသဖြင့် အချစ်ရေးတွင် ခပ်အေးအေးဖြစ်ကာ ထိုအမျိုးသမီးနှင့် ကွဲကွာသွားသည်။ သို့သော် နယူတန်တွင် ချစ်သူရှိသည်ဟူ၍လည်း မှတ်တမ်းမရှိ၊ လက်ထပ်ခြင်းလည်း မပြုတော့ပေ။

ပေါင်းစပ်

နယူတန်သည် သူ့ကိုယ်ပိုင် အတွေးအခေါ်များနှင့် သူ့အရင် သိပ္ပံပညာရှင်များ၏ အတွေးအခေါ်များကို ပေါင်းစပ်ကာ စကြဝဠာကြီး မည်သို့ပြုပြင်ပြောင်းလဲနေသည်ကို ပုံဖော်နိုင်သဖြင့် ကမ္ဘာ့အကြီးကျယ်ဆုံးသော သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာရသည်။ စကြဝဠာ၏ လုပ်ဆောင်ပုံကို သူက သင်္ချာဖြင့်ရှင်းလင်းထားသည်။ အရာဝတ္ထုများ၏ လှုပ်ရှားမှုနှင့် ကမ္ဘာမြေကြီး၏ ဆွဲငင်မှုဆိုင်ရာနိယာမများကို နယူတန်ကဖော်ထုတ်သည်။ ဤနိယာမများသည် အားတစ်ခုခုက အရာဝတ္ထုများအပေါ် သက်ရောက်သောအခါ ထိုအရာဝတ္ထုများ မည်သို့ရွေ့လျားသည်ကိုဖော်ပြသည့် သင်္ချာပုံသေနည်းများပင် ဖြစ်သည်။

ကင်းဘရစ်ချ်တက္ကသိုလ် ထရီနစ်တီကောလိပ်၌ သင်္ချာပါမောက္ခအဖြစ် ထမ်းဆောင်စဉ် နယူတန်သည် နာမည်ကျော်ပရင်စီပီယာစာအုပ်ကို ရေးသားထုတ်ဝေသည်။ ထိုစာအုပ်တွင် အရာဝတ္ထုများရွေ့လျားမှုဆိုင်ရာ အခြေခံနိယာမသုံးခုကို နယူတန်က ရှင်းပြထားသည်။

အရာဝတ္ထုများရွေ့လျားပုံကိုရှင်းပြရာ၌ နယူတန်က ထိုနိယာမသုံးခုကို အသုံးပြုသည်။ ယင်းတို့ကို နယူတန်၏နိယာမများဟုခေါ်သည်။

ရှင်းလင်း

ပထမနိယာမတွင် အရာဝတ္ထုတစ်ခုကို တစ်စုံတစ်ရာသောအားက တွန်းခြင်း၊ သို့မဟုတ် ဆွဲခြင်းမပြုသမျှ ထိုအရာဝတ္ထုသည် တည်ငြိမ်နေမည်ဖြစ်ကြောင်း၊ အရာဝတ္ထုတစ်ခုကို အင်အားတစ်ခုက တွန်းခြင်း သို့မဟုတ် ဆွဲငင်ခြင်းရှိလျှင် ထိုအရာဝတ္ထုသည် မျဉ်းဖြောင့်အတိုင်း တွန်းမှု၊ ဆွဲငင်မှုကြောင့် မှန်မှန်ရွေ့လျားနေမည်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။

ဒုတိယနိယာမတွင် အရာဝတ္ထုတစ်ခုအပေါ် အင်အားတစ်စုံတစ်ရာက မည်သို့အကျိုးသက်ရောက်ကြောင်းကို {f=ma}/အား(f)=ဒြပ်ထု(m)×အရှိန်(a)ညီမျှခြင်းဖြင့် ရှင်းလင်းထားသည်။

တတိယနိယာမတွင် အရာဝတ္ထုတစ်ခုကို တွန်းသည်ဖြစ်စေ၊ သို့မဟုတ် ဆွဲသည်ဖြစ်စေ ထိုအခါတွင် အဆိုပါတွန်းအား သို့မဟုတ် ဆွဲအားနှင့်ညီမျှသော အင်အားတစ်ရပ်သည် ဆန့်ကျင်ဘက်မှ ပေါ်ပေါက်လာကြောင်း ရှင်းပြသည်။

သိရှိလာ

နယူတန်၏ တွက်ချက်ရှင်းလင်းပြချက်များကြောင့် စကြဝဠာ၏ဖွဲ့စည်းမှုကို လူသားတို့ သိရှိလာခဲ့ကြသည်။ ဂြိုဟ်များသည် နေ၏ဆွဲငင်အားအတွင်း လည်ပတ်နေပြီး နေစကြဝဠာအကြောင်း သိရှိလာရခြင်းဖြစ်သည်။ ။ **ကိုးကား - အင်တာနက်**

နယူတန်သည် သူ့ကိုယ်ပိုင် အတွေးအခေါ်များနှင့် သူ့အရင် သိပ္ပံပညာရှင်များ၏ အတွေးအခေါ်များကို ပေါင်းစပ်ကာ စကြဝဠာကြီး မည်သို့ပြုပြင်ပြောင်းလဲနေသည်ကို ပုံဖော်နိုင်သဖြင့် ကမ္ဘာ့အကြီးကျယ်ဆုံးသော သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာ။

ဘဝအမောပြေ

နောက်ကျလိုက်တာ . . . .

ကုမ္ပဏီတစ်ခုတွင် အလုပ်များနေသော ခင်ပွန်းဖြစ်သူထံ ဇနီးဖြစ်သူက ဖုန်းဆက်လေသည်-

ခင်ပွန်း ။ ။ ကိုယ်အလုပ်များနေတယ်။
ဇနီး ။ ။ စကားနည်းနည်းပြောချင်လို့ပါ။
ခင်ပွန်း ။ ။ အေးကွာ… အချိန်မရလို့ နောက်မှပြောပါကွာ-
ဇနီး ။ ။ ခဏလေးနားထောင်ပါ ဒါလင်ရယ်။
ခင်ပွန်း ။ ။ ကဲ ကဲ… ခပ်တိုတိုသာပြောပါကွာ။
ဇနီး ။ ။ ဒါလင့်ကားပျက်နေတာ ပြင်လိုက်လို့ကောင်းသွားပြီ။
ခင်ပွန်း ။ ။ အေး… ဆက်ပြောပါ။
ဇနီး ။ ။ နောက်တစ်ခုက… အိမ်က တိုင်ကပ်နာရီကြီး အမေ့ခေါင်းပေါ် ပြုတ်ကျပြီး ကွဲသွားတယ်။
ခင်ပွန်း ။ ။ ဟုတ်လား… ဒီတိုင်ကပ်နာရီကလည်း နောက်ကျလိုက်တာ…
ဇနီး ။ ။ 'ရှင်…'

ဘဝဒဿန

- ❒ ***Think what you please, but be careful how you express your thoughts.***
  သင်လိုရာကို ကြိုက်သလိုတွေးတောနိုင်ပါသည်။ သို့ရာတွင် သင်၏အတွေးများကို ဖွင့်ဟပြောဆိုရာ၌မူ ဆင်ခြင်ပါ။
- ❒ ***A good teacher is always a good student.***
  အလွန်တော်သော ဆရာတစ်ဦးသည် အမြဲပင် တပည့်ကောင်းတစ်ဦး ဖြစ်နေလေ့ရှိသည်။
  နပိုလီယံဟီးလ်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းသည်   စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကမ္ဘာ့အရှည်ဆုံး ညစာစားပွဲ

စပိန်နိုင်ငံ အယ်ကမ်ပယ်လိုမြို့တွင် လူ၂၀၀၀ကျော် ညစာစားသုံးနိုင်သည့် အရှည် ၄၁၂၇ဒသမ၂၉ပေရှိ ညစာစားပွဲကြီးကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့အရှည်ဆုံး ညစာစားပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ ယင်းညစာစားပွဲသို့ စားသောက်ဆိုင်ပေါင်း ၆၀ကျော်မှ ပါဝင်တည်ခင်းခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (အင်တာနက်)

မီးခြစ်ဆံဖြင့်ပြုလုပ်ထားသည့် အမြင့်ဆုံးမျှော်စင်

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ တူဖစ်ဒီဟာအမည်ရှိ အမျိုးသားတစ်ဦးမှာ မီးခြစ်ဆံပေါင်း ခြောက်သန်းကျော်ကိုအသုံးပြုကာ ၆ဒသမ၅၃မီတာအမြင့်ရှိ အီဖယ်မျှော်စင်ပုံစံငယ်ကိုပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် မီးခြစ်ဆံဖြင့်ပြုလုပ်ထားသည့် အမြင့်ဆုံးမျှော်စင်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ တူဖစ်ဒီဟာမှာ လက်တွန်းလှည်းဖြင့်သာ သွားလာနိုင်သူတစ်ဦး ဖြစ်သည်။ ယင်းမျှော်စင် ပြုလုပ်ပြီးစီးရန်အတွက် နာရီပေါင်း ၂၃၁၆နာရီ အချိန်ယူကာ ပြုလုပ်ခဲ့ရကြောင်း သိရသည်။ **(အပေါ်ပုံ) (အင်တာနက်)**

ကမ္ဘာ့အမြင့်ဆုံး သဲရဲတိုက်

အမေရိကန်နိုင်ငံ မိန်းပြည်နယ် ကတ်စ်ကိုမြို့ရှိ ပွိုင့်ဆီဘာဂိုအပန်းဖြေစခန်းတွင် နာမကျန်းကလေးများရန်ပုံငွေအတွက် ပြုလုပ်ခဲ့သည့် သဲရဲတိုက်မှာ အမြင့် ၃၁ဒသမ ၇ပေရှိကာ ကမ္ဘာပေါ်၌ အမြင့်ဆုံးသဲရဲတိုက်အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံရသည်။ ယင်းသဲရဲတိုက်ကို အက်ဂျာရတ်ဆိုသူက စေတနာ့ဝန်ထမ်း ၂၀၀၀၏ အကူအညီဖြင့် တည်ဆောက်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ (အောက်ပုံ) (အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနေသည့် မံဆောင်းတံတား

နေပြည်တော် နိုဝင်ဘာ ၂၉

တောင်စွယ် တောင်တန်း ထူထပ်ပေါများ၍ သွားလာရေး အလွန်ပင်ခက်ခဲခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နောက်ကျကျန်ခဲ့ရသည့် ချင်းပြည်နယ်မှာ ယခုဆိုလျှင် နိုင်ငံတော်အစိုးရ၏ စေတနာထား ဆောင်ကြဉ်းပေးမှုများကြောင့် ဖွံ့ဖြိုးတိုးတက်ဝေစည်နေပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ●

သတင်းမှတ်စု-တင်မာဝင်းနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အလုပ်ကို ဆက်တိုက်အချိန်ကြာမြင့်စွာ ပြုလုပ်ခဲ့ပါလျှင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေနိုင်ဟုဆို

အလုပ်ကို တစ်ဆက်တည်း အချိန်ကြာမြင့်စွာ လုပ်ကိုင်ခြင်းသည် ဦးနှောက်ဆဲလ်များကို ထိခိုက်ပျက်စီးစေပြီး စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်စေတတ်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

အချိန်

အလုပ်ကို တစ်ဆက်တည်း နှစ်နာရီ သို့မဟုတ် သုံးနာရီကြာ ဆက်တိုက်ပြုလုပ်ခြင်းသည် အချိန်ကာလ *စာမျက်နှာ ၉ ကော်လံ ၆* ❑

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

တရားမဝင်လုပ်သားအဖြစ်မှ တရားဝင်လုပ်သားအဖြစ် လွတ်လပ်စွာသွားလာနိုင်ပြီ

နေပြည်တော် နိုဝင်ဘာ ၂၉

တစ်ချိန်က စိတ်ကူးဖို့ပင်ဝေးစွ၊ အိပ်မက်ထဲမှာပင် မမက်ရဲခဲ့သော အခြေအနေများက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် ရေကန်အသင့်၊ ကြာအသင့်ဆိုသလို အခွင့်အလမ်းများ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■

သတင်းဆောင်းပါး-ဦးခင်ဝင်း (ယုံကြည်မှု)

စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)